ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန် များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ တနင်္လာနေ့။ Monday, 22 January 2024 ၁၁၃၄၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၁**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေး ဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းဒေသကြီး လသာမြို့နယ် အနော်ရထာလမ်းရှိ အဆိုပါဆေးရုံကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရှွေ၊ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးမျိုးသန့်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆေးပညာရှင်ကြီးများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**

**တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီးခရီးစဉ် ရထားပြေးဆွဲ**
စာမျက်နှာ » ၅

**ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၄ သန်းကျော်ရရှိ**
စာမျက်နှာ » ၁၁

**EAO အဖွဲ့တချို့၏ ဆောင်ရွက်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ထိခိုက်နိုင်သည့်အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးအချိန်အခါလည်းဖြစ်ပါသည်။ နိုင်ငံရေး ပါတီများအနေဖြင့် ပါတီဝင်အင်အားများကို စည်းရုံးပြီး ပါတီဝင်အမာခံများဖြင့် ပြည်သူ့လုံခြုံရေးကို ဝိုင်းဝန်းကူညီဆောင်ရွက် ရမည့် အချိန်အခါလည်း ဖြစ်ပါသည်။ ပြည်သူလူထု၏ စားဝတ်နေရေးအတွက် ဦးစီးရှေ့ဆောင်ပြုကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်သင့်**
ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# လူစွမ်းအားအရင်းအမြစ်များပျိုးထောင်

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူသားအရင်းအမြစ်များ အဆင့်ဆင့်ပျိုးထောင်မွေးထုတ်ရေးကို စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိသည်။ ပျိုးထောင်ထားသည့် လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်နိုင်ကြသည်။ နိုင်ငံအတွက် အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် နိုင်ငံ့ဝန်ထမ်း ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အထူးအရေးကြီးသည်။

နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ "အစိုးရတစ်ရပ်သည် ၎င်းတို့၏မူဝါဒကို အကောင်အထည်ဖော်၍ နိုင်ငံကောင်းအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်၍ နိုင်ငံကိုကောင်းအောင် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံရေးထက် နိုင်ငံ့အရေးကိုကြည့်၍ မိမိတို့တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ နိုင်ငံအတွက်လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇန်နဝါရီလ ၂၀ ရက်နေ့က ပုသိမ်တက္ကသိုလ်တွင် ပြောကြားခဲ့သည်။

ဆရာဟူသည် စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာဖြင့် သွန်သင်ပြသသော အနန္တဂိုဏ်းဝင်ဖြစ်သည်။ ဆရာထက် ထူးချွန်ထက်မြက်သော တပည့်ကောင်းများ ပေါ်ထွန်းလာစေရန်အတွက် ဆရာအရည်အသွေး၊ အရည်အချင်း၊ စိတ်ဓာတ်ကောင်းများ ပျိုးထောင်ထားသည့် မြတ်ဆရာဖြစ်သည်။ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များ ပေါ်ထွန်းစေရန်အတွက် ခေတ်အဆက်ဆက်၊ ဘဝအဆက်ဆက် အဆက်မပြတ်ပျိုးထောင်ပေးနေသူများဖြစ်သည်။ ထို့ကြောင့် ပညာသင်ကြားပေးရေးတွင် နိုင်ငံရေးကင်းရှင်းရန်လိုအပ်ပြီး နိုင်ငံရေးထက် နိုင်ငံ့အရေးကိုမြော်တွေး၍ ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။

ပြီးခဲ့သည့်ကာလများက ဆရာ ဆရာမများသည် နိုင်ငံ့အရေးထက် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခဲ့ကြသဖြင့် နိုင်ငံအတွက်ရင်လေးဖွယ် စိတ်မကောင်းစရာအဖြစ်များနှင့်ကြုံတွေ့ခဲ့ရသည်။ လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ပေးရေးအတွက် အဟန့်အတားအနှောင့်အယှက်များဖြစ်စေခဲ့သည်။ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ယာယီတာဝန်ယူထားခြင်းသာဖြစ်ပြီး ဆရာ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့တာဝန်များကို အမြဲတမ်းတာဝန်ထမ်းဆောင်နေသူများဖြစ်ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိပြီး ပညာရပ်ပိုင်းဆိုင်ရာချီးမြှင့်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာသင်ကြားပေးခြင်းသည် အစိုးရအတွက်မဟုတ်ဘဲ နိုင်ငံအနာဂတ်အတွက်၊ တိုင်းပြည်အနာဂတ်အတွက် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်ဟု ခံယူထားရမည်ဖြစ်သည်။ သင်ကြားရေးတာဝန်ယူထားရသည့် ဆရာ ဆရာမများအနေဖြင့် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှုများကို ဆောင်ရွက်၍ မိမိအရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးပြည့်ဝနေအောင် ဆောင်ရွက်နေရန်လိုအပ်သည်။ အမှန်တကယ်တတ်ကျွမ်းပြီး မိမိတာဝန်ယူထားသည့် ဘာသာရပ်ကို ပိုင်နိုင်နေမှသာလျှင် မွေးထုတ်ပေးလိုက်သည့် တပည့်များလည်း ထူးချွန်ထက်မြက်မည်ဖြစ်ပြီး ၎င်းတို့ဘဝတိုးတက်ရေးအတွက် လက်တွေ့နယ်ပယ်တွင် အမှန်တကယ်အသုံးချနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်ထားသည်။ ထို့အပြင် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" လူမှုရေးဦးတည်ချက်ကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏အနာဂတ်အတွက် ရည်မှန်းချက်များ အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်ဖြစ်သဖြင့် ဒီမိုကရေစီ၏အခြေခံဖြစ်သော ဥပဒေနှင့်စည်းကမ်းများကို သိရှိနားလည်အောင် ဆောင်ရွက်ပေးရန်လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်များ ရှိရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်၏အနာဂတ်ကို ဦးဆောင်ဦးရွက်ပြုကြမည့် လူသားအရင်းအမြစ်များပေါ်ထွန်းရေးတွင် တက္ကသိုလ်အဆင့်၌ ဥပဒေပညာများ၊ စီးပွားရေးပညာများ သင်ကြားပေးလျက်ရှိသည်။ သင်ကြားပေးလိုက်သော အသိပညာဗဟုသုတများနှင့် တွေးခေါ်မြော်မြင်နိုင်မှုများကို လက်တွေ့ဘဝတွင်အသုံးချ၍ အောင်မြင်စွာဖြတ်သန်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အနာဂတ်အတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရာတွင် ဆရာ ဆရာမများ၏အခန်းကဏ္ဍမှာ အရေးကြီးပြီး မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတနှင့် တွေးခေါ်မြော်မြင်မှု မြင့်မားအောင် နိုင်ငံ့အရေးကိုရှေးရှု၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရပ်စောက်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ(အဌမ)အကြိမ် ထုတ်ချေး

ရပ်စောက် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက True Money Myanmar နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက လွယ်ကိုးကျေးရွာအုပ်စု ကန်ဒလက်ကျေးရွာ၌ ကျင်းပခဲ့သည်။

ဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက Mobile Phone အသုံးပြုကာ ချေးငွေများထုတ်ချေးပေးခြင်း အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် True Money Myanmar မှ တာဝန်ခံ ဦးစိုင်းရာဇာမိုးနှင့် တာဝန်ရှိသူများက True Money အကောင့်များဖွင့်လှစ်ရာတွင် လိုအပ်သောအချက်များနှင့် ငွေလွှဲ၊ ငွေထုတ်ပြုလုပ်ရာတွင်လည်း နီးစပ်ရာ True Money Myanmar အေးဂျင့်ဆိုင်များတွင် ငွေလွှဲနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေကြောင်း ရှင်းလင်းပြောကြားသည်။

### ငွေကျပ် ၅၇၂ သိန်းထုတ်ချေးပေး

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် True Money မှ တာဝန်ရှိသူများက ကန်ဒလက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား အသင်းသူများကို Mobile Financial Payment စနစ်အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်း ၅၁ ဦးကို ချေးငွေကျပ် ၃၈၇ သိန်း၊ မွေးမြူရေးလုပ်ငန်းခုနစ်ဦးကို ငွေကျပ် ၄၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း ၁၀ ဦးကို ငွေကျပ် ၇၂ သိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ၁၁ ဦးကို ငွေကျပ် ၆၅ သိန်း စုစုပေါင်းအသင်းသား ၇၉ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၅၇၂ သိန်းအား အတိုးနှုန်းသက်သာစွာ အဌမအကြိမ်မြောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

ကြေးမုံ

| | | | |
| --- | --- | --- | --- |
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သတင်းထောက်များ | ဦးသန်းတင်အောင် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။

❖ ရှေ့ဖုံးမှ

ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် တီးမှုတ်ကြိုဆိုကြသည်။ ယင်းနောက် အခမ်းအနားအစီအစဉ် ပထမပိုင်းအဖြစ် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွားအကတို့ဖြင့် တီးမှုတ်ဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တီးမှုတ်ဂုဏ်ပြုပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ် အတွင်းရှိ ဓာတ်မှန်နှင့် ပုံရိပ်ဖော်

○ **နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင် စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ ပြည်သူများအနေဖြင့် ၎င်းအခွင့်အရေးကိုခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်**

○ **သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့် ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင်ဆောင်ရွက်ကြရန်လို**


နည်းပညာဌာန၊ ဓာတ်ခွဲခန်းများ၊ သွေးရောဂါ ကုသဆောင်များနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုကြရာ ဌာနအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခုနစ်ထပ် ကုသဆောင်သစ် အစည်းအဝေးခန်းမ၌ အခမ်းအနားအစီအစဉ် တတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ပညာအရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကျန်းမာရေးသည် အခြေခံကျလှပါကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ ကောင်းမွန်စွာ ပညာသင်ကြားနိုင်ပြီး နိုင်ငံ့တာဝန်ကို ထမ်းဆောင်နိုင်ကြမည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအတွက် မူဝါဒများချမှတ်ကာ **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ကို ရည်မှန်းချက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူခဲ့သည့်

**စာမျက်နှာ ၄ သို့ »»»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

»»» **စာမျက်နှာ ၃ မှ**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး ကျေးလက်ကျန်းမာရေးဌာနများနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ ပြည်သူ့ဆေးရုံကြီး၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး စသည့် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင်ရှိသည့် ဆေးရုံကြီးများတွင် ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ အရိုးရောဂါ အထူးကုဆေးရုံကြီး (ရန်ကုန်)တို့တွင် တိုးချဲ့ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံများတွင် နှစ်ထပ်ကုသဆောင်သစ်များ ဖွင့်လှစ်ပေးခြင်း၊ ဆေးတက္ကသိုလ်နှင့် သူနာပြုတက္ကသိုလ်တို့အတွက် သင်ကြားရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး လုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဌာနခွဲများ ဖွင့်လှစ်ပေးခြင်း စသည်တို့ကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**စဉ်းစားဆင်ခြင်ဆောင်ရွက်**

နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် **ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေး မည်မျှပင် စီမံဆောင်ရွက်ပေးနေသည်ဖြစ်စေ** ပြည်သူများအနေဖြင့် ၎င်းအခွင့်**အရေးကိုခံစားနိုင်ရန် အနှောင့်အယှက်များ၊ အခက်အခဲများရှိနေမည်ဆိုပါက အကျိုးရှိနိုင်မည်မဟုတ်**ကြောင်း၊ ထို့ကြောင့် **သက်ဆိုင်သူများအားလုံး တိုင်းပြည်နှင့် ပြည်သူကို ကောင်းစေလိုသည်ဆိုပါက စဉ်းစားဆင်ခြင်ဆောင်ရွက်ကြရန်လို**ပါကြောင်း။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ အကြီးဆုံးဆေးရုံကြီးဖြစ်သောကြောင့် တစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများ အားကိုးအားထားပြုရပြီး ဆေးပညာသင်ကြားရေး အတွက်လည်း ခေတ်အဆက်ဆက် အဓိကကျသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း။

ဆေးရုံကြီး၏ သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၈၇၃ ခုနှစ် ကတည်းက (၄၈၃)ခုတင်နှင့် တည်ဆောက်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် ခုတင်များ တိုးမြှင့်လာခဲ့သည်မှာ ၂၀၁၆ ခုနှစ်တွင် ခုတင် (၂၀၀၀)ဆံ့ဆေးရုံအထိ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး ပြည်သူများစွာကို အကျိုးပြုနေသည့် ဆေးရုံကြီးလည်းဖြစ်ပါကြောင်း၊ ယနေ့ အသစ်ဖွင့်လှစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆောင်အသစ်ကြီး ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ခုတင် (၂၀၀၀)ဆံ့ရှိသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တိုးတက်များပြားလာသည့် လူနာများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဆေးကုသမှုကို ပြည်သူများ ရရှိခံစားနိုင်စေရန်အတွက် ထပ်မံဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်းကို အသိပေးပြောကြားလိုပါကြောင်း။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## ❍ အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေသည့် ခုနစ်ထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ပေးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများကိုလည်း ချီးကျူးဂုဏ်ပြု

**ဖွင့်လှစ်နိုင်ခဲ့**

ယခု ခုနစ်ထပ်ဆေးကုသဆောင်သစ်ကြီးကို ၂၀၁၅ ခုနှစ်က စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အကြောင်း အမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း ပြည်သူများ အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်ရည်ရွယ်ပြီး ဆေးရုံဆောက်လုပ်ခြင်းကို ပြီးစီးအောင် တစိုက်မတ်မတ် ဆက်လက် တည်ဆောက်ပေးသည့်အတွက် ယနေ့တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ **အခက်အခဲအမျိုးမျိုးဖြင့် ကြန့်ကြာနေသည့် ခုနစ်ထပ်ဆေးရုံသစ်ကြီး တည်ဆောက်ရေး လုပ်ငန်းများ**

**စာမျက်နှာ ၅ သို့ »»»**

»»» စာမျက်နှာ ၄ မှ
**အမြန်ပြီးစီးအောင် ကြိုးပမ်းတည်ဆောက် ပေးခဲ့သည့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း နှင့် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း၊** ယခုကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ တည်ဆောက်ထားသည့် ခုနစ်ထပ်ကုသဆောင်သစ်ကြီးအတွင်း၌ နိုင်ငံတကာအဆင့်မီ ဆေးကုသမှု ခံစားရရှိနိုင်ရန် အဆင့်မြင့်ရောဂါရှာဖွေကုသရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းထားသည့် ခွဲစိတ်ခန်းများ၊ ပုံရိပ်ဖော်နည်းပညာဆိုင်ရာ ဓာတ်မှန်ဌာန၊ သွေးရောဂါလူနာဌာန၊ ရိုးတွင်းခြင်ဆီလဲလှယ်ကုသဌာနတို့ ပါဝင်ပြီး ပြည်သူများအနေဖြင့် နိုင်ငံတကာစံနှုန်းနှင့်အညီ နည်းပညာအဆင့် မြင့်မားသည့် ကုသမှုများကို ပိုမိုရရှိနိုင်တော့မည် ဖြစ်ပါကြောင်း။

ပြည်သူများ၏ မျှော်မှန်းလူ့သက်တမ်း မြင့်မားလာစေရေးနှင့် ပြည်သူများ တစ်ဦးချင်းစီက စိုက်ထုတ်သုံးစွဲရသည့် ကုန်ကျစရိတ် သက်သက်သာသာနှင့် အားလုံးလက်လှမ်းမီ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် တစ်ရပ်ဖြစ်ပေါ်လာစေရေးတို့ အတွက် **ကျန်းမာရေးနှင့် သက်ဆိုင်သည့် ဝန်ထမ်းအသီးသီး၊ သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးတို့က ကောင်းမြတ်သည့် စေတနာ၊ မွန်မြတ်သည့် စိတ်ထား၊ ပြည့်ဝသည့်မေတ္တာတရား၊ အကြင်နာများနှင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းပြောကြားလို**ကြောင်း ပြောကြားသည်။

ယင်းနောက် ခုနစ်ထပ်ကုသဆောင်သစ်နှင့် ပတ်သက်သည့် Video Clip ကို ဖွင့်လှစ်ပြသသည်။ ထို့နောက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဝမ်းမြောက်ကြောင်းပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံသို့ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

အခမ်းအနားများ အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုလက်ဖက်ရည်ကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ကုသဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းထံသို့ အဆောက်အအုံနှင့် ပတ်သက်သည့်စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်စဉ်။




ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ် ကုသဆောင်သစ်အဆောက်အအုံကို တွေ့ရစဉ်။

# တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီးခရီးစဉ် ရထားပြေးဆွဲ

နေပြည်တော် ဇန်နဝါရီ ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်) ရထားခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးဘူတာမှ စတင်ပြေးဆွဲပေးခဲ့သည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေး၍ ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်ပြီး လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ မိနစ် ၃၀ နှင့် ပေါ်မူဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးကာ ပေါ်မူဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ ကို စက်ခေါင်းဖြင့် အထက်တန်း တစ်တွဲ၊ ရိုးရိုးတန်း လေးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး ယနေ့ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Golden Private School မှ မူလတန်းကျောင်းသား ကျောင်းသူ ၁၇၅ ဦး၊ ကြီးကြပ်သူ ဆရာ ဆရာမ ၁၈ ဦးနှင့် ပြင်ပရထားစီးခရီးသည် ၉၂ ဦး စုစုပေါင်း ၂၈၅ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်သည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသောမြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားကို ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီးသိမ်ဘူတာသို့ ရထားဆိုက်ရောက်ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီးသိမ်အဝိုင်းပတ် (ဘဝသံသရာတံတား)ကို အပေါ်စီးမှနေ၍ ကြည့်ရှုခြင်း၊ အဝေးဆီမှ ထီးသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်း ပျော်ရွှင်မှုရရှိကြောင်း ရထားပေါ်တွင် လိုက်ပါစီးနင်းကြသူများထံမှ သိရသည်။



အပတ်စဉ် တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါ်မူ အသွား/ အပြန် ခရီးစဉ်အတွက် အထက်ပါသတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှု လုပ်ငန်းများမှ ရထားအဆိုင်းလိုက် (တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❂ ကျောဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ အားကစား အဆင့်အတန်းကို မြှင့်တင်နိုင်စေရန်၊ တက္ကသိုလ်ကိုယ်စားပြု အားကစားလက်ရွေးစင်များမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်၊ ကျောင်းသား ကျောင်းသူများအတွက် ပညာရေးကဏ္ဍသာမက ကိုယ်ကာယကြံ့ခိုင်မှု၊ ကျန်းမာသန်စွမ်းမှု၊ အချင်းချင်း စည်းလုံးညီညွတ်မှု၊ အသင်းအဖွဲ့ဖြင့် ပူးပေါင်း ဆောင်ရွက်တတ်မှုစသည့် အလေ့အကျင့်ကောင်းများ ရရှိနိုင်စေရန်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အရည်အချင်းပြည့်ဝသည့် အားကစားသမားကောင်းများပေါ်ထွက်လာစေရန် ဆိုသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ကျင်းပဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း။

**တိုးချဲ့သင်ကြားပေးလျက်ရှိ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာသန်စွမ်းကြံ့ခိုင်ပြီး အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူငယ်လူရွယ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ များစွာရှိရန် လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မလွဲမသွေအဓိကလိုအပ်သည့် အချက်မှာ အင်ဂျင်နီယာ ပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပညာရပ်များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်ဂျင်နီယာပညာရပ်များနှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပညာရပ်များကို နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ် များတွင် သင်ကြားပေးလျက်ရှိပြီး ဒေသအလိုက် လိုအပ်ချက်နှင့် ကိုက်ညီသည့် ဘာသာရပ်များကိုလည်း တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ယခုဆိုလျှင် နေပြည်တော် နည်းပညာ တက္ကသိုလ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေး အင်ဂျင်နီယာဘာသာရပ်ကိုလည်း တိုးချဲ့သင်ကြားပေးလျက်ရှိပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် အင်ဂျင်နီယာများ၊ ကွန်ပျူတာပညာရှင်များနှင့် ဗိသုကာပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး ဦးတည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာပညာရပ်ဆိုင်ရာ နယ်ပယ်များတွင် ကျောင်းသားကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်နိုင်ရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်သည့် အရည်အချင်းနှင့် အရေအတွက် ပြည့်မီစေရန်အတွက် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် တို့ကို ပေါင်းစပ်ပြီး ပိုလီတက္ကနစ်တက္ကသိုလ်အဖြစ် ဘက်ပေါင်းစုံကနေ အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းတက္ကသိုလ်များမှ ပညာရည် ထူးချွန်ထက်မြက်ရုံသာမက စိတ်ဓာတ် အရည်အသွေးပြည့်မီပြီး အင်ဂျင်နီယာကျင့်ဝတ်၊ ပညာရှင် ကျင့်ဝတ်များကို လေးစား လိုက်နာပြီး နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက် (၃)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစွမ်းအားစုများဖြစ်သည့် လူငယ်များကို ဘက်စုံပညာရေးစနစ် အကောင်အထည်ဖော်ဆောင်ရေး၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုမြှင့်တင်နိုင်ရေးနှင့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးတို့အတွက် ယခုကဲ့သို့ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲများကို ကျင်းပပေးရခြင်းဖြစ်ပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

ယခုကဲ့သို့အားကစားပြိုင်ပွဲများ ကျင်းပ ပေးနေသည့်အပြင် တက္ကသိုလ်များတွင် ကျောင်းသားကျောင်းသူများ အားလပ်ချိန်၌ ကိုယ်လက်ကြံ့ခိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးနှင့် စိတ်လက်အပန်းဖြေအနားယူစဉ် မိမိဝါသနာပါသည့် အားကစားနည်းများကို လေ့ကျင့်ကစားစေနိုင်ရန်အတွက် ဘောလုံးကွင်းများ၊ မိုးလုံလေလုံအားကစားရုံများ၊ အားကစားနည်းအလိုက် လိုအပ်သည့် အားကစားကွင်းများ အားကစား အသုံးအဆောင် ပစ္စည်းများကို နှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး နှစ်စဉ်တက္ကသိုလ်တွင်း အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက်ရှိပါကြောင်း၊ အားကစားသမိုင်းကြောင်းတွင်လည်း အင်ဂျင်နီယာတက္ကသိုလ် ကျောင်းသား အားကစားသမား များသည် တက္ကသိုလ်လက်ရွေးစင်အဆင့်မှ နိုင်ငံ့လက်ရွေးစင်အားကစားသမားအဆင့်အထိ ထူးချွန်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့သည်ကိုလည်း တွေ့ရပါကြောင်း။

ဘဝတွင် ကျန်းမာရေးသည် "အာရောဂျံ ပရမံလာဘံ"ဆိုသည့်အတိုင်း ကျန်းမာရေးသည် လာဘ်တစ်ပါးဖြစ်သည့်အတွက် နိုင်ငံတော် အကြီးအကဲက အားကစား ရာသီတွင်သာ အားကစား လှုပ်ရှားမှုများကို ဆောင်ရွက်ရမည် မဟုတ်ဘဲ နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ဆောင်ရွက်ရန်နှင့် အားကစား လှုပ်ရှားမှု အရှိန်ကို ရာသီအားလုံးတွင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် ကိုယ်လက်လှုပ်ရှား အားကစား တစ်ခုခုကို အစဉ်လေ့ကျင့်နေခြင်းဖြင့် ကျန်းမာကြံ့ခိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့်လည်း ယခင်နှစ်များက ဝန်ကြီးဌာနအဆင့် ဘောလုံးအားကစားပြိုင်ပွဲတစ်ခုတည်းသာ ကျင်းပပေးနိုင်ခဲ့ရာမှ ယခုပညာသင်နှစ်တွင် ဝန်ကြီးဌာနအဆင့် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် စားပွဲတင်တင်းနစ် ပြိုင်ပွဲများကိုပါ ထပ်မံတိုးချဲ့ ကျင်းပပေးနိုင်ခဲ့သည်ကိုဝမ်းမြောက်ဖွယ်တွေ့မြင်ရပါကြောင်း။

**၁၃ ရက်တာ ကျင်းပသွားမည်**

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ယနေ့မှစ၍ ၁၃ ရက်တာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တက္ကသိုလ်များတည်ရှိရာ ဒေသအလိုက်ဖွဲ့စည်းထားသည့် အသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရည်ရွယ်ချက်များအတိုင်း အကျိုးထိရောက်မှုရှိမည့် ပြိုင်ပွဲများဖြစ်မည်ဟု မျှော်လင့်မိပါကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲများမှတစ်ဆင့် မြန်မာနိုင်ငံအတွက် ထူးချွန်ပြောင်မြောက်သည့် နိုင်ငံလက်ရွေးစင် အားကစားသမားများမလွဲမသွေ ပေါ်ထွက်လာမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ယခုအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များက အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ စုစုပေါင်း ၄၃၇ ဦး ပါဝင်ယှဉ်ပြိုင်သွားမည်ဟု သိရသည့်အတွက် ဝမ်းသာအားရမိပါကြောင်း၊ ဝန်ကြီးဌာနဂုဏ်နှင့် မိမိတို့တက္ကသိုလ်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသမားများနှင့် နိုင်ငံလက်ရွေးစင် အားကစားသမားများ မလွဲမသွေ ပေါ်ထွက်လာမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော၊ ကျင့်ဝတ်လေးစားလိုက်နာသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်စေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးမည့် အနာဂတ်၏ သားကောင်းရတနာများ ဖြစ်စေရန်အတွက် ကြိုးစားကျင့်ကြံသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်သည့်အခါတွင်လည်း စည်းကမ်းရှိရှိ၊ နည်းစနစ်ကျကျ၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် မိမိတို့၏ စွမ်းအားကုန် ရေကုန်ရေခန်း ကြိုးပမ်းအားထုတ် ယှဉ်ပြိုင်ကြ၍ မိမိတို့တက္ကသိုလ်အတွက် ဆုတံဆိပ်အသီးသီးကိုလည်း ဆွတ်ခူးရရှိပြီး နိုင်ငံ့လက်ရွေးစင် အားကစားသမားများ အဖြစ် အောင်မြင်မှုများရရှိနိုင်ကြပါစေကြောင်း ပြောကြားပြီး "နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ" ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ အထိမ်းအမှတ်အလံကိုအားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍ လွှင့်တင်ပြီး အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ သရုပ်ပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၇ သို့❖

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ အိမ်ရှင် ယူဂန်ဒါသမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်တို့တွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရန်ဗိုရီကွန်ဗင်းရှင်းစင်တာ၌ ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပခဲ့ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌ အဇာဘိုင်ဂျန်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Jeyhun Bayramov က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် ယူဂန်ဒါသမ္မတ Mr. Yoweri Kaguta Museveni အား ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်နိုင်ငံများအားလုံးက တစ်ခဲနက် ရွေးကောက်တင်မြှောက်ခဲ့ကြပြီး ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌတာဝန်အား အဇာဘိုင်ဂျန်နိုင်ငံက ယူဂန်ဒါနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

ဆက်လက်၍ ဂျီ ၇၇ နှင့် တရုတ်အုပ်စု (G–77 and China) လက်ရှိဥက္ကဋ္ဌ ကျူးဘားနိုင်ငံ ဒုတိယသမ္မတ (၇၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ (UN General Assembly) သဘာပတိနှင့် အာဖရိကသမဂ္ဂ (African Union) ကော်မရှင်ဥက္ကဋ္ဌတို့က မိန့်ခွန်းများပြောကြားခဲ့သည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ နိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကာ မိန့်ခွန်းများပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းတွင် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အရေးပါသည့် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သည့် ယူဂန်ဒါအစိုးရနှင့် ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည့် အဇာဘိုင်ဂျန်နိုင်ငံကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်ဖြစ်သည့် "ကမ္ဘာလုံးဆိုင်ရာကြွယ်ဝမှုများ မျှဝေရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး" သည် ယနေ့ကမ္ဘာ၏ လက်ရှိအခြေအနေများအပေါ် ထင်ဟပ်မှုရှိသဖြင့် အထူးသင့်လျော်ပါကြောင်း၊ မိမိတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ရှုပ်ထွေးနက်နဲခက်ခဲမှုများအားလုံးကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ စည်းလုံးညီညွတ်မှု၊ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားနိုင်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံကြီးများအကြား ယှဉ်ပြိုင်မှု၊ ပဋိပက္ခနှင့် ကမ္ဘာကြီး၏စိုးရိမ်ဖွယ်ရာပြဿနာများကို လက်တွေ့ကျကျဖြေရှင်းနိုင်ရေးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် ပိုမိုစည်းလုံးညီညွတ်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အနေဖြင့် များပြားလှသည့် ကမ္ဘာ့ရေးရာများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကသက်ဆိုင်သည့် အခန်းကဏ္ဍမှ ဆက်လက်ရပ်တည်နိုင်စေရေး မျှော်လင့်ပါကြောင်း ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး၌ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုလည်း ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

အိမ်ရှင် ယူဂန်ဒါသမ္မတနှင့် ဇနီးတို့က ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဂျီ ၇၇ နှင့် တရုတ်အုပ်စု၏ "တတိယအကြိမ်မြောက် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး"ကို ဇန်နဝါရီ ၂၁ ရက်မှစတင်၍ ကမ်ပါလာမြို့၌ ကျင်းပလျက်ရှိရာ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (Non–Aligned Movement–NAM) ကို ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားမြှင့်တင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ ယခုကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး၌ တောင်ဆူဒန်နိုင်ငံကို အဖွဲ့ဝင်အဖြစ်လက်ခံခဲ့ရာ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၌ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၂၁ နိုင်ငံ ရှိလာပြီဖြစ်သည်။ မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ **သတင်းစဉ်**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးကာလအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အာရပ်စော်ဘွားများပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Minister of State Mr. Khalifa Shaheen Almarar၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Dr. Hasan Mahmud, MP နှင့် ယူဂန်ဒါနိုင်ငံ Minister of State Hon. John Mulimba တို့နှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၉)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် အာရပ်စော်ဘွားများပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Minister of State Mr. Khalifa Shaheen Almarar နှင့် ဇန်နဝါရီ ၁၉ ရက်တွင်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး Dr. Hasan Mahmud, MP နှင့် ယူဂန်ဒါ Minister of State for Foreign Affairs Hon. John Mulimba တို့နှင့် ဇန်နဝါရီ ၂၀ ရက်တွင်လည်းကောင်း ရန်ဗိုရီကွန်ဗင်းရှင်းစင်တာ၌ သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။ ထို့အပြင် မြန်မာ–အာရပ်စော်ဘွားများပြည်ထောင်စု၊ မြန်မာ–ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ–ယူဂန်ဒါတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အာရပ်စော်ဘွားများပြည်ထောင်စု ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Minister of State Mr. Khalifa Shaheen Almarar တို့ တွေ့ဆုံစဉ်။

❖ စာမျက်နှာ ၆ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃–၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ မျိုးဆက်သစ် အားကစားသမားများ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများ၊ အေရိုးဗစ်အက၊ Zumba အက၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့ဖြင့် သီဆိုသရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ တက္ကသိုလ်များနှင့် ကွန်ပျူတာ တက္ကသိုလ်များ၏ (၂၀၂၃–၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အားကစားနည်းများအလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ အားကစားရုံများနှင့် လေ့ကျင့်ရေးဘောလုံးကွင်းများ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားရေးစိတ်ဓာတ်များဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများ

မောင်ရွှေရိုး

> **မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ပြဿနာအရပ်ရပ်ကို ရဲရင့်စွာရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသောလူမျိုးရေးတရားကိုအခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသောငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူဆက်ဆံနိုင်ရေး မူကြီးများအပေါ်အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကို ခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့် ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်**

**(ယမန်နေ့မှအဆက်)**

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမတိုင်မီအချိန်ကစ၍ အမျိုးသားရေးလှုပ်ရှားမှုများနှင့်အတူ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများပေါ်ပေါက်လာခဲ့ပါသည်။ သို့သော် ခေတ်စနစ်အမျိုးမျိုးပြောင်းလဲခဲ့ရခြင်းကြောင့် နိုင်ငံရေးပါတီများဖျက်သိမ်းခဲ့ရသဖြင့် နိုင်ငံရေးပါတီများမှာ နှစ်ကာလကြာရှည်စွာဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကွယ်ပျောက်ခဲ့ရသည်။ ယနေ့အချိန်ကာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရန်အတွက် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖွဲ့စည်းထူထောင်ဆောင်ရွက်နေသည့်ကာလဖြစ်ပါသည်။ တစ်နိုင်ငံလုံးစည်းရုံးဆောင်ရွက်မည့်ပါတီ ကိုးပါတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စည်းရုံးဆောင်ရွက်မည့်ပါတီ ၃၈ ပါတီ စုစုပေါင်း ၄၇ ပါတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်း**

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများ ပေါ်ပေါက်လာခဲ့မှုသမိုင်းကို ပြန်လည်လေ့လာကြည့်လျှင် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ဘေးအန္တရာယ်ကျရောက်ခဲ့ပါက နိုင်ငံသားအားလုံး သွေးစည်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများရှိခဲ့ပါသည်။ ၁၉၃၀ ပြည့်နှစ်တွင် မြန်မာ့လူငယ် ခေတ်ပညာတတ် နိုင်ငံရေးသမား သခင်များသည် တကောင်းအဘိရာဇာ တို့ဗမာသီချင်းကြီးကို သီဆို၍ လာမည့်ဘေး ပြေးတွေ့ဟူသည့် ကြွေးကြော်သံကို ဟစ်ကြွေးကာ တို့ဗမာအစည်းအရုံးကြီးကို စတင်ဖွဲ့စည်းခဲ့သည်။

တို့ဗမာအစည်းအရုံးကြီး ပေါ်ပေါက်လာရခြင်းသည် သာမန်ဖြစ်ရိုးဖြစ်စဉ်များမဟုတ် တိုင်းပြည်တွင် ကျရောက်နေသောပကတိအခြေအနေများကို ဝင်ရောက်ဆောင်ရွက်ရန် သမိုင်း၏တောင်းဆိုချက်အရသာ ထင်ရှားမှန်ကန်စွာ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝံသာနုဂျီစီဘီအေအဖွဲ့ချုပ်ကြီး (၁၉၁၉-၁၉၂၉) အစိတ်စိတ်အမြွှာမြွှာကွဲပြားပြီး အရေးနိမ့်ခြင်း၊ ဆရာစံတောင်သူလယ်သမား လက်နက်ကိုင်တော်လှန်မှုကြီး (၁၉၃၀-၁၉၃၂) အရေးနိမ့်ခြင်း၊ (၁၉၂၉ - ၁၉၃၀) ကမ္ဘာ့အရင်းရှင်စီးပွားရေးပျက်ပြားမှုကြီး ဖြစ်ပွားနေခြင်း၊ နယ်ချဲ့အစိုးရပယောဂဖြင့် ကုလား-မြန်မာ၊ တရုတ် - မြန်မာ လူမျိုးရေး အဓိကရုဏ်းဖြစ်လာခြင်း၊ တိုင်းပြည်တွင် နိုင်ငံရေးဇာတ်မျောပြီး နိုင်ငံရေးခေါင်းဆောင်မှုအဟောင်းတို့အပေါ် မျှော်လင့်အားကိုးရာမဲ့နေခြင်း၊ ဤသို့သောကာလမျိုးတွင် သမိုင်း၏တောင်းဆိုချက်အရ "ဗမာ (မြန်မာ) ပြည်သည် တို့ပြည်၊ ဗမာ (မြန်မာ) စာသည် တို့စာ၊ ဗမာ (မြန်မာ) စကားသည် တို့စကား" ---- စသော ကြွေးကြော်သံများဖြင့် တို့ဗမာအစည်းအရုံးကြီးသည် ပေါ်ထွက်လာရခြင်းဖြစ်သည်။

စစ်ကြိုခေတ်တွင် တို့ဗမာအစည်းအရုံးကြီးသည် နယ်ချဲ့ပယောဂဖြင့် နှစ်ဂိုဏ်းကွဲခဲ့ရသော်လည်း စစ်ကြီးဖြစ်ခါနီးဆဲဆဲ လွတ်လပ်ရေးတိုက်ပွဲကြီး နီးလာသောအခါ ပြန်လည်သွေးစည်းကြပြီး ရဲဘော်သုံးကျိပ်ကိုပင်ဖွဲ့စည်းကာ ဘီအိုင်အေတပ်မတော်ကြီးထူထောင်၍ လွတ်လပ်ရေးတိုက်ပွဲဝင်နိုင်ခဲ့ကြခြင်းသည် အမျိုးသားညီညွတ်ရေးလမ်းစဉ်၏ "စံ" တစ်ခုဖြစ်ခဲ့ပေသည်။ ထို့အပြင် စစ်ကြီးဖြစ်ကာနီး ၁၉၄၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးကြီး၏ ကိုယ့်မင်းကိုယ်ချင်းအဖွဲ့က ကမကထပြု နှိုးဆော်စည်းရုံးနိုင်ခြင်းဖြင့် ဗြိတိသျှအစိုးမိုးခံ ဥပဒေပြုလွှတ်တော်တွင် အမျိုးသားလွတ်လပ်ရေးအဆိုကို ထူးခြားစွာစတင်၍တောင်းဆိုခဲ့သည်။ မြန်မာပြည်၏ ဥပဒေခြေလှမ်းတစ်ရပ်ဖြစ်ခဲ့ပေသည်။ ၎င်းလှုပ်ရှားမှုနှင့် မရှေးမနှောင်းပင် တို့ဗမာအစည်းအရုံးကြီးသည် အနာဂတ် အမျိုးသားလွတ်လပ်ရေးခြေလှမ်းအတွက် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ် "မြန်မာ့လွတ်လပ်ရေးထွက်ရပ်ဂိုဏ်းကြီး"ကို တည်ထောင်ခဲ့ပေသည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးအပြီး ၁၉၄၆ ခုနှစ်တွင် ကန်တော်ကြီး နေသူရိန်အမျိုးသားညီလာခံကြီးအပြီး၌ ဖဆပလအဖွဲ့ချုပ်ကြီးဟူ၍ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲကြီး၏ နောက်ဆုံးအဆင့်အတွက် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးကို ထူထောင်ခဲ့ကြသည်။ ဤကဲ့သို့ အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့ခြင်းသည် လွတ်လပ်ရေးကြိုးပမ်းမှုတွင် အရေးကြီးဆုံးသောဆောင်ရွက်ချက် သမိုင်းတစ်ကွေ့မှတ်တမ်း (Historical Turning Point) ဖြစ်ခဲ့လေသည်။

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုများနှင့် လူထုလူတန်းစားစည်းရုံးလှုပ်ရှားမှုများကို တို့ဗမာအစည်းအရုံးကြီးသည် ထူးခြားစွာ ကိုင်တွယ်လမ်းညွှန်ခဲ့ပေသည်။ တို့ဗမာအစည်းအရုံးခေတ်ရောက်မှသာ နိုင်ငံလုံးဆိုင်ရာ လူထုလူတန်းစားအဖွဲ့အစည်းကြီးများ ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။ သာဓကအားဖြင့် နိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံးကြီး၊ နိုင်ငံလုံးဆိုင်ရာ အလုပ်သမားအစည်းအရုံးများ အဖွဲ့ချုပ်၊ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ၊ ၁၃၀၀-ပြည့် အရေးတော်ပုံကာလအတွင်း လူထုလူတန်းစားအဖွဲ့အစည်းများ မြောက်မြားစွာ ပေါ်ထွက်လှုပ်ရှားခဲ့ကြသည်။ အိမ်တွင်းပုန်း ပညာတတ်မြန်မာအမျိုးသမီးများတွင် ဗမာ (မြန်မာ) ပြည်လွတ်လပ်ရေး အမျိုးသမီးအစည်းအရုံးကြီးဟု ပေါ်ထွက်ခဲ့သည်။

**နိုင်ငံရေးဝါဒနှင့်လမ်းစဉ်**

မြန်မာပြည်၏ နိုင်ငံရေးသမိုင်းတွင် တို့ဗမာအစည်းအရုံးမတိုင်မီက ပေါ်ပေါက်ခဲ့သော နိုင်ငံရေးအဖွဲ့အစည်းများသည် နိုင်ငံရေးဝါဒနှင့်လမ်းစဉ်ဟူ၍ သီးခြားသတ်မှတ် ပိုင်းခြားပြဋ္ဌာန်းထားခြင်း မရှိခဲ့ပေ။ တို့ဗမာအစည်းအရုံးခေတ်တွင်မူကား "တို့ဗမာဝါဒနှင့်လမ်းစဉ်" ဟူ၍ စနစ်တကျသီးခြားပြဋ္ဌာန်းပြီး လုပ်ဆောင်ခဲ့သည်ကိုလေ့လာတွေ့ရှိရသည်။

တို့ဗမာအစည်းအရုံးကြီး၏ အလွန်ခေတ်မီဆန်းသစ်သော နိုင်ငံရေးလုပ်နည်းလုပ်ဟန်များ၊ လူထုအားကောင်းစွာဆွဲငင်နိုင်သော ကြွေးကြော်သံများ၊ ပြောဟန်ဟောဟန် ရေးသားဝါဒဖြန့်ချိခြင်းများက တို့ဗမာသီချင်းကြီးနှင့်တကွ ဇာတိမာန်သီချင်းများကို ရေးစပ်ပြုစု၍ နိုင်ငံရေးယဉ်ကျေးမှုနှင့် စည်းကမ်းဓလေ့များကိုပါ ထူထောင်ပေးခဲ့သည်။ ယုတ်စွအဆုံး တို့ဗမာသခင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် ညာဘက်လက်ရုံး လက်သီးဆုပ်ကို ဆန့်တန်း၍ "ဟော့---တို့ဗမာ၊ ဟော့---တို့ဗမာ" ဟု ပြန်လှန်နှုတ်ဆက်ကြသည်အထိ တီထွင်ကျင့်ဆောင်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးကြီးသည် လွတ်လပ်ရေးနှင့်အတူ အချုပ်အခြာအာဏာနှင့်တကွ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုရင်း မြေကတုတ်လုပ်၍ သစ္စာရှိစွာကာကွယ်ရန်ကြည်း၊ ရေ၊ လေတပ်များ အပါအဝင် မြန်မာ့တပ်မတော်ကြီးကို စတင်အုတ်မြစ်ချ ဖွဲ့စည်းနိုင်ခဲ့ပါသည်။ တို့ဗမာအစည်းအရုံးကြီး၏ မျိုးချစ်နိုင်ငံရေးသမားသခင်များသည် ပြည်သူလူထုအကျိုးအတွက် လွတ်လပ်ရေးကို မဖြစ်မနေရယူရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် မြန်မာမျိုးချစ်လူငယ်များသည် မြန်မာ့တပ်မတော်ကို စတင်ထူထောင်ဖွဲ့စည်းပြီး ယင်းတို့ကိုယ်တိုင် တပ်မတော်သားများအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံအကျိုးအတွက် လိုအပ်လျှင် အသက်ကို ပေးဆပ်မည့်သူများအဖြစ် သစ္စာပြုခဲ့ကြသည်။

**မြန်မာပြည်၏ လွတ်လပ်ရေးသက်တမ်း ခုနစ်ဆယ်ကျော်ကာလ**

ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ကိုလိုနီနိုင်ငံများမှာ လွတ်လပ်ဖွံ့ဖြိုးစနိုင်ငံများအဖြစ် ပေါ်ပေါက်လာကြပါသည်။ ထိုနိုင်ငံများအနက် "ဒီမိုကရေစီရေးနှင့် အမျိုးသားညီညွတ်ရေး" ကို ကောင်းစွာတည်ဆောက်နိုင်သောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်နိုင်ကြပြီး မတည်ဆောက်နိုင်သောနိုင်ငံများမှာ မတည်ငြိမ်မှုများ၊ အမျိုးသားချင်းပဋိပက္ခများဖြင့် နိုင်ငံရေး၊ စီးပွားရေးဇာတ်မျောကာ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများအထိ ရင်ဆိုင်ကြရလေသည်။ မြန်မာပြည်၏လွတ်လပ်ရေးသက်တမ်း ခုနစ်ဆယ်ကျော်ကာလတစ်လျှောက်တွင်လည်း ထိုအချက်ကို သက်သေခံခဲ့ပေသည်။

မြန်မာ့မျိုးဆက်သစ်လူငယ်များသည် အရှိန်အဟုန်ဖြင့် ပြောင်းလဲလာနေသော ကမ္ဘာကြီး၏ ပြဿနာအရပ်ရပ်ကို ရဲရင့်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကျဉ်းမြောင်းသောလူမျိုးရေးတရားကို အခြေခံသည့် လူမျိုးရေးစိတ်ဓာတ်မျိုးထက် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံး၊ လူထုကြီးတစ်ရပ်လုံးအတွက် ထာဝရအင်အားကြီးမားသော ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားထူထောင်ရေး၊ ကမ္ဘာ့မိသားစုနိုင်ငံများနှင့် ရင်ပေါင်တန်း၍ တန်းတူရည်တူ အကျိုးတူဆက်ဆံနိုင်ရေးမူကြီးများအပေါ် အခြေခံ၍ ကျယ်ပြန့်လေးနက်သည့် နိုင်ငံရေးအသိစိတ်ဓာတ်မျိုး၊ ခေတ်နောက်ပြန်ဆွဲအတွေးအခေါ်များကို ခဝါချ၍ တိုးတက်သောနိုင်ငံရေးအတွေးအခေါ်အမြော်အမြင်မျိုး၊ ဘဝတူပြည်သူများနှင့် ချစ်ကြည်သွေးစည်းရေးစိတ်ဓာတ်မျိုး အမှန်ပင်လိုအပ်ပေသည်။

ယနေ့အချိန်အခါသည် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ရှေ့လုပ်ငန်းစဉ်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဦးတည်ချက်ထားရှိပြီးဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရန်မှာ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆောင်ရွက်ရန်အတွက်လည်း အခိုင်အမာသန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးရရှိရန်မှာ မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ NLD ပါတီ၏ မဲမသမာမှု ဆောင်ရွက်ချက်များကြောင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာများကို လက်နက်ကိုင်နည်းလမ်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားဒေသများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအချို့တွင် လက်နက်ကိုင်သောင်းကျန်းမှုများဖြစ်ပေါ်ခဲ့ရပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများကိုပါ ထိပါးစေနိုင်သည့်တိုက်ပွဲများ ဖော်ဆောင်လာသည့်အပြင် အမျိုးဘာသာသာသနာကိုပါ စော်ကားလာသည့် ဆောင်ရွက်မှုများ ရှိလာခဲ့ပြီးဖြစ်ပါသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ဒေသ MNDAA နှင့် TNLA သောင်းကျန်းသူများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းမှုများမှ မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေလုယက်မှုများအထိ ဆောင်ရွက်ခဲ့ကြပြီး မြန်မာတစ်မျိုးသားလုံး အမြတ်တနိုးထားသည့် စေတီနှင့် ဆင်းတုတော်များကို ဖျက်ဆီးခြင်းများသည် မြန်မာလူထုတစ်ရပ်လုံးကို စော်ကားခြင်းဖြစ်ပြီး မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် စိတ်မချမ်းမြေ့စရာဖြစ်ရပ်မျိုးအထိ ဆောင်ရွက်လာကြသည်ကို တွေ့မြင်နေရပါသည်။

**လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန် ပြန်လည်လွှဲပြောင်းပေးနိုင်ရေးပင်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဖြေရှင်းရန် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ရကြောင်း၊ တစ်ဖက်တွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးလုပ်ဆောင်လာခဲ့သဖြင့် ယခုအချိန်ထိ အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေး တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တက်ရောက်လာကြသည့် နိုင်ငံရေးပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအနေဖြင့်လည်း ပါတီ၏အမာခံများဖြစ်သကဲ့သို့ ဒီမိုကရေစီ၏အမာခံများဖြစ်ရန်လိုအပ်ပြီး ပါတီများ၏အင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိမှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊

**စာမျက်နှာ ၉ သို့** ✧

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT OF THE UNION

သတင်းထုတ်ပြန်ချက်

# တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၄) ထုတ်ပြန်

နေပြည်တော်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၂၂ ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "တရားမျှတမှုရရှိစေရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး" ဟူသည့် ဆောင်ပုဒ်ဖြင့် တတိယအကြိမ်မြောက် "တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)" ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မဟာဗျူဟာစီမံကိန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နှစ်စဉ်မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ "တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)" ၏ ၂၀၂၄ ခုနှစ်အတွက် ဒုတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) တွင် တရားစီရင်ရေး၏ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ တန်ဖိုးများ ရရှိအောင်မြင်စေရန်အတွက် မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) ရပ်ဖြစ်သည့် တရားရုံးဝန်ဆောင်မှုများ အများပြည်သူလက်လှမ်းမီနိုင်မှုကို လွယ်ကူတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ အများပြည်သူ၏ အသိအမြင်ကိုမြှင့်တင်ပေးရန်၊ တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် စီမံခန့်ခွဲနိုင်မှုစွမ်းရည်မြှင့်တင်ရန်၊ တရားစီရင်ရေး၏ပညာရပ်ကျွမ်းကျင်မှု၊ တာဝန်ခံယူနိုင်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့ကို မြှင့်တင်ပေးရန်နှင့် ထိရောက်သော မှုခင်းစီမံခန့်ခွဲမှုနှင့် တရားရုံးက ဆောင်ရွက်သော အထူးမှုခင်းကိစ္စရပ်တို့ကို တိုးမြှင့်ဆောင်ရွက်ရန်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို အရေးကြီးမှုအစီအစဉ်အလိုက် ဦးစားပေးအဆင့်များသတ်မှတ်၍ နှစ်အလိုက် အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ ၂၀၂၃ ခုနှစ်တွင် ဦးစားပေးအဆင့် (၁) အစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် တွင် ယခင်နှစ်များက မပြီးပြတ်သေးသော လုပ်ငန်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရန်နှင့် အသစ်ထပ်မံဆောင်ရွက်ရန်ကိစ္စများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ ၂၀၂၄ ဒုတိယနှစ် လုပ်ငန်းအစီအစဉ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

## နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၁**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားများ ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် ရွှေစင်ရွှေပြားတစ်ချပ် (အရွယ်တစ်ပေ x တစ်ပေ) အလေးချိန် ရွှေတစ်ကျပ်သားအတွက် ငွေကျပ် ၂၅၀၀၀၀၀ ဖြင့် သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသက်နှင်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ လှူဒါန်းလိုပါက ဦးမောင်မောင် ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၅၀၄၄၃၄၄၉၉ နှင့် ဦးထွန်းကြည် ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော် ဖုန်း ၀၉-၅၁၃၅၆၉၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့ သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇမ္ဗူရတနာ ဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၁**

ပဲခူးမြို့ မဇင်းရပ်ကွက် သပြေကုန်းဘိုးဘွားရိပ်သာ၌ ဇမ္ဗူရတနာ ဓမ္မာရုံတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ သပြေကုန်းဘိုးဘွားရိပ်သာမှ အဘိုးဦးတင်မောင်မြင့်၊ အဘွားဒေါ်ဌေးဌေးမြင့်တို့က ဇမ္ဗူရတနာ ဓမ္မာရုံတော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ယင်းနောက် ဇမ္ဗူရတနာ ဓမ္မာရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ဇမ္ဗူရတနာဓမ္မာရုံ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် အပေါင်းက မဟာကလျာဏီ သိမ်တော်ကြီး စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကဝိန္ဒာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုခဲ့ကြပြီး တိုင်းဒေသကြီးသာသနာရေးဦးစီးမှူးက ကမ္ပည်းမော်ကွန်းအား ဖတ်ကြားလျှောက်ထားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိများက ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များထံသို့ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြပြီး သပြေကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား တစ်နေ့စာအလှူအာဟာရဖြည့်စွက်စာနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ မတည်လှူဒါန်းမှုတို့နှင့်အတူ ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ စေတနာရှင်ပြည်သူများ၏ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် သပြေကုန်းဘိုးဘွားရိပ်သာရှိ ဓမ္မာရုံ၊ စားရိပ်သာဆောင်၊ အဘိုးအဘွားအိပ်ဆောင်များ၊ ခုတင်များအား ငွေကျပ် ၁၄၂၀၇၄၀၀၀ အကုန်အကျခံကာ ပြင်ဆင်တိုးချဲ့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



✧ စာမျက်နှာ ၈ မှ

ထို့အပြင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရရှိရန် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံမှုစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် သဘောကွဲလွဲမှုများ၊ အားနည်းမှုများကို သိရှိနားလည်ထားရန်လိုအပ်ပြီး ပါတီမူဝါဒလုပ်ငန်းစဉ်များကို တိကျခိုင်မာစွာ ချမှတ်ထားရန်လိုကြောင်း၊ ထို့နောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံအတွင်း ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံ၏ပညာရေးမြင့်မားရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။

ယနေ့ဖြစ်ပွားနေသော လက်နက်ကိုင်သောင်းကျန်းမှုများနှင့် PDF များ၏ အကြမ်းဖက်ဆောင်ရွက်မှုများသည် ပြည်သူလူထု၏ အသက်အိုးအိမ်များကို များစွာထိခိုက်ခဲ့သည့်အပြင် စားဝတ်နေရေးအတွက် လမ်းပန်းဆက်သွယ်ရေးအပါအဝင် အလုပ်အကိုင်ဆောင်ရွက်မှုများကို ထိခိုက်ခဲ့ရပါသည်။ လူသတ်၊ ဆက်ကြေးတောင်း၊ ဂိတ်ကြေးကောက်၊ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ကြသည့်အပြင် အပြစ်မဲ့ဝန်ထမ်းမိသားစုများနှင့် ကျောင်းဆရာ ဆရာမများကိုပါ သတ်ဖြတ်ခြိမ်းခြောက်ဆောင်ရွက်ခဲ့မှုများသည် အနာဂတ်မြန်မာနိုင်ငံတော်အတွက် မည်သို့မျှလက်ခံနိုင်စရာအကြောင်းမရှိကြောင်း ထင်ထင်ရှားရှားတွေ့မြင်နေရပြီဖြစ်ပါသည်။ မလုံမခြုံဖြင့် ကုန်ဈေးနှုန်းကြီးမြင့်လာမှုများကြောင့် စားဝတ်နေရေး အတိဒုက္ခရောက်ခဲ့ကြရပါသည်။ စစ်ပွဲဖြစ်ပွားသောဒေသများရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများမှာ စစ်ဘေးရှောင်ရင်း စစ်ဘေးဒုက္ခသည်များဖြစ်ခဲ့ရပါသည်။ EAO အဖွဲ့တချို့၏ ဆောင်ရွက်မှုများကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ထိခိုက်နိုင်သည့်အပြင် နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုပါ ထိပါးလာနိုင်သဖြင့် နိုင်ငံတော်အတွက် အရေးကြီးဆုံးအချိန်အခါလည်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီဝင်အင်အားများကို စည်းရုံးပြီး ပါတီဝင်အမာခံများဖြင့် ပြည်သူ့လုံခြုံရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ရမည့် အချိန်အခါလည်းဖြစ်ပါသည်။ ပြည်သူလူထု၏စားဝတ်နေရေးအတွက် ဦးစီးရှေ့ဆောင်ပြုကာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်သင့်ပါသည်။ ပြည်သူလူထုအခက်အခဲတွေ့နေချိန်တွင် ပြည်သူလူထုနှင့်အတူ အေးအတူပူ အမျှ ထဲထဲဝင်ဝင် စည်းရုံးဆောင်ရွက်ကြခြင်းဖြင့် မိမိပါတီ၏အမာခံအင်အားများ တိုးပွားလာမည်ဖြစ်သလို ပြည်သူ၏ထောက်ခံယုံကြည်မှုလည်း ရရှိလာမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများသည် အသွင်သဏ္ဌာန် ကောင်းမွန်ရန်အတွက် ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပုံပါတီဝင်အင်အား၊ ပါတီရုံးခန်းအဆောက်အဦ၊ ပါတီရန်ပုံငွေတို့ကို သတ်မှတ်ဆောင်ရွက်နိုင်သော်လည်း ပါတီ၏ မူဝါဒရည်မှန်းချက်၊ လုပ်ဆောင်ချက်များ ကောင်းမွန်မှသာ အနှစ်သာရရှိပြီး ပြည်သူလူထုအားကိုးထောက်ခံယုံကြည်မှုဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပေသည်။ ယနေ့ခံယူကြရမည့် အမျိုးသားရေးရည်မှန်းချက်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးပင်ဖြစ်သည့်အတွက် ပါတီဝင်များ၏စည်းရုံးမှုမှ နိုင်ငံသားအားလုံး အမျိုးသားရေးတာဝန်ကြီးတစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး နိုင်ငံရေးပါတီအားလုံးက ဝိုင်းဝန်းပါဝင်ဖော်ဆောင်ပေးကြစေလိုပါကြောင်း တို့ဗမာအစည်းအရုံးကြီးကဲ့သို့ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပေါ်ပေါက်လာမည့် နိုင်ငံရေးပါတီများကိုကြိုဆိုလိုက်ရပါသည်။ ။

**ရည်ညွှန်းချက်များ**

**၁။ သခင်များနှင့် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှုကြီး (၁၉၃၀-၁၉၄၈)၊ တက္ကသိုလ်စိန်တင်။**

**၂။ ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပထမတွဲ၊ ဒုတိယတွဲ)။**

**၃။ Ref; APORNRATH PHOONPHONGPHIPHAT, Nikkei staff writer August 23, 2023 Thailand's new PM Srettha to lead next government; 5 things to know.**

**၄။ နှစ်တစ်ရာပြည့် တရုတ်ကွန်မြူနစ်ပါတီနှင့် အခြေမတည်နိုင်သေးသော ပါတီစနစ်အခြေခံ မြန်မာ့နိုင်ငံရေး(ဆောင်းပါး)။**

**၅။ ကမ္ဘာ့နိုင်ငံရေးပါတီစာတမ်းများ(ဦးမြသောင်း)။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယသမ္မတနိုင်ငံရှိ သံမဏိ၊ ဆေးဝါးနှင့် အထည်အလိပ်စက်ရုံများ ကြည့်ရှုလေ့လာ



**နေပြည်တော် ဇန်နဝါရီ ၂၁**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၇ ရက်တွင် ကိုလ်းကတ္တားမြို့မှ မော်တော်ယာဉ်များဖြင့် Duragapur သံမဏိစက်ရုံသို့ သွားရောက်လေ့လာသည်။

**ရှင်းလင်းဖြေကြား**

ဦးစွာ ညွှန်ကြားရေးမှူး Mr. BP Sing က Duragapur သံမဏိစက်ရုံဆိုင်ရာ အချက်အလက်များ၊ Duragapur စက်ရုံ တည်ဆောက်ခဲ့မှုနှင့် နှစ်အလိုက် ပြောင်းလဲတိုးတက်လာမှု၊ စက်ရုံအနေဖြင့် တစ်နှစ်လျှင် သံမဏိတန်ချိန် နှစ်သန်းကျော်ထုတ်လုပ်နေမှု၊ အိန္ဒိယသမ္မတနိုင်ငံသည် တစ်နှစ်လျှင် သံမဏိတန်ချိန်သန်း ၁၀၀ ကျော် ထုတ်လုပ်လျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် ဒုတိယမြောက် သံမဏိ အများဆုံး ထုတ်လုပ်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်း (Scrap) များရရှိမှု၊ လူ့စွမ်းအား အရင်းအမြစ် လေ့ကျင့်မွေးမြူနေမှုတို့ကို မေးမြန်းရာ Mr. BP Sing က အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် စက်ရုံအတွင်း၌ Liquid Steel ထုတ်လုပ်ပေးနေသည့် Blast Furnaces၊ Liquid Steel များကို Converter မှတစ်ဆင့် စတုရန်းပုံ Steel Billet နှင့် စတုဂံပုံ Bloom ထုတ်လုပ်နေမှု၊ မီးရထားသံဘီးများနှင့် အခြားဘီးများ ထုတ်လုပ်နေမှု၊ Section Mill တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး Steel Structural များ ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာ၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။ ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုလ်းကတ္တားမြို့၌ အနောက်ဘင်္ဂေါ စီးပွားရေးလုပ်ငန်းရှင်များမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ လုပ်ငန်းရှင်များသိရှိလိုသည့် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ပြန်လည်ရှင်းလင်းပြောကြားသည်။

ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုလ်းကတ္တားမြို့၌ ဘင်္ဂေါပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆေးဝါးကုသမှုလုပ်ငန်းများ အကျိုးတူဆောင်ရွက်ရေး၊ ဆိုလာတပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ပညာတော်သင်စေလွှတ်ရေး၊ အလိုအလျောက် ထိန်းချုပ်မောင်းနှင်ရေးစနစ်များကို ပြုပြင်ထိန်းသိမ်းမည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အကူအညီပေးရေး စသည့်ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလ်းကတ္တားမြို့ မှ အမီဒါဘတ်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ရောက်ရှိရာ ပြည်နယ်အစိုးရ လုံခြုံရေးအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။

ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အမီဒါဘတ်မြို့ရှိ Intas Pharmacetutials Ltd,. သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားသည်။ ထို့နောက် စက်ရုံအတွင်း ဆေးဝါးများထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လေ့လာကြည့်ရှုသည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဂူဂျာရတ်ပြည်နယ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်ရေး၊ အိန္ဒိယနိုင်ငံရှိစက်မှုလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးညှိနှိုင်းသည်။

ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂူဂျာရတ်ပြည်နယ်ရှိ Arvind အထည်အလိပ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထည်အလိပ်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်လေ့လာကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့မှပြန်လည်ထွက်ခွာလာရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယအမြဲတမ်းအတွင်းဝန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဝန်ကြီးဌာနမှ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ ဒုတိယသံအမတ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံပညာရေးဒီဂရီကောလိပ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ

**ဘားအံ ဇန်နဝါရီ ၂၁**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဘားအံပညာရေးဒီဂရီကောလိပ်၌ ပြည်ထောင်စုနေ့အကြို စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဒီဂရီကောလိပ် သီရိခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲကို စည်းလုံးခြင်းအမွေ ပြည်ထောင်စုမြေ ခေါင်းစဉ်ဖြင့် သင်တန်းသား သင်တန်းသူ ၁၉ ဦး၊ ကဗျာပြိုင်ပွဲကို ပင်လုံသက်သေခေါင်းစဉ်ဖြင့် သင်တန်းသား သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကျင်းပနေမှုကို ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



စည်းလုံးခြင်းသည် အင်အား
ပြည်ထောင်စု၏ စွမ်းပကားသာ။

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မုံရွာ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိထံ သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၂၄၅၀၀ အား ထောက်ပံ့ပေးအပ်သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက ကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာအခြေခံ သင်ကြားနေမှုနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန ခန်းမအတွင်းရှိ ပြခန်းငယ်၊ ကလေးစာဖတ်ခန်းနှင့် စာကြည့်တိုက်တို့အား လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းများအား တိုင်းဒေသကြီးအတွင်းရှိ ကလေး၊ ကသာ၊ ကန့်ဘလူ၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘိုမြို့နယ်များရှိ လူထုအခြေပြုဗဟိုဌာနများတွင် တစ်ပြိုင်နက်ဖွင့်လှစ်ခဲ့ကြပြီး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၉၂ ဦး တက်ရောက်သွားမည်ဖြစ်ရာ သင်တန်းကာလ တစ်လအကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင်လည်း အဆိုပါ ခရိုင်ခြောက်ခရိုင်၌ ကွန်ပျူတာအခြေခံသင်တန်းကို သုံးကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား သင်တန်းသူစုစုပေါင်း ၂၅၄ ဦးကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ပြည်ပပို့ကုန် အမေရိကန်ဒေါ်လာ ၂၆၄ သန်းကျော်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ယခုရက်သတ္တပတ် ဇန်နဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ပြည်ပပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၄ သန်းကျော်ရရှိပြီး ယခုအပတ်တွင် လယ်ယာထွက်ကုန် တင်ပို့မှုမှ ဆန်/ ဆန်ကွဲ၊ ပဲမျိုးစုံ၊ သစ်သီးဝလံ၊ ရော်ဘာ၊ နှမ်းတို့ ပမာဏအများဆုံး တင်ပို့ခဲ့သည်။

ဆန်ပြည်ပတင်ပို့ရာတွင် ပြည်တွင်းဖူလုံမှုနှင့် ဈေးနှုန်းတည်ငြိမ်ရေးကို ဦးစား ပေးဆောင်ရွက်လျက်ရှိရာ ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျရှိစေရေးအတွက် စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ဆန်စပါးသိုလှောင်မှုအား အွန်လိုင်းမှ မှတ်ပုံတင်ခြင်းစနစ် (Myanmar Rice Online – MyRo) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအပတ် ဆန်တင်ပို့မှုတွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံများမှ အများဆုံး ဝယ်ယူ ခဲ့ခြင်းဖြစ်ပြီး အလားတူ မလေးရှား၊ ဘယ်လ်ဂျီယံ၊ ကင်မရွန်း၊ ဆလိုဗေးနီးယား၊ အီတလီ၊ ခရိုအေးရှား၊ ဘူဂေးရီးယား၊ အိုင်ဗရီကို့စ်နိုင်ငံများမှလည်း ဝယ်ယူမှုရှိခဲ့သည်။

ရော်ဘာပို့ကုန်တင်ပို့မှုအနေဖြင့် ရက်သတ္တပတ်အတွင်း တန်ချိန် ၇၃၂၆ တန် တင်ပို့ နိုင်ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀ သန်းခန့်ရရှိခဲ့သည်။ မှိုင်းခံရော်ဘာ (RSS) နှင့် ဆင့်တက်ပြုပြင်ထားသော (MIXTURES) ရော်ဘာမျိုးစုံကို ပင်လယ်ရေကြောင်းကုန်သွယ် မှုမှ တရုတ်၊ မလေးရှား၊ ဂျပန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကိုရီးယားနိုင်ငံများသို့ တင်ပို့ ခဲ့ပြီး နယ်စပ်လမ်းကြောင်းမှ အိမ်နီးချင်း တရုတ်၊ ထိုင်းနိုင်ငံများသို့ တင်ပို့ခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုး၊ မွေးမြူထွက်ကုန်များ ပြည်ပတင်ပို့မှု၌ ရာသီ အလိုက် စိုက်ပျိုးသီးနှံများအပြင် ရော်ဘာကဲ့သို့နှစ်ရှည်သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ရန်လိုအပ်လျက်ရှိသည်။ ရော်ဘာမှာ စတင်စိုက်ပျိုးသည်မှ ခုနစ်နှစ်၊ ရှစ်နှစ် အကြာတွင် အစေးထုတ်ယူနိုင်သည်ဖြစ်ရာ ပြည်ပတင်ပို့မှုတွင် ဈေးကွက်ကျယ်ကျယ် ပြန့်ပြန့် ရရှိပြီးဖြစ်သည့် ရော်ဘာထုတ်လုပ်မှု စဉ်ဆက်မပြတ်တိုးတက်စေရန် မြန်မာ နိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် သက်ဆိုင်ရာဌာနများမှ ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုသည် ကမ္ဘာ့နိုင်ငံများအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များဖြစ်သည့် ပန်းတိုင် (၈) စဉ်ဆက်မပြတ်ဖြစ်ထွန်းပြီး အားလုံးအကျုံးဝင်သော ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်သားပြည့်အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိ စေရေးကဏ္ဍနှင့်လည်း တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ မြန်မာနိုင်ငံ၏ လက်ရှိရော်ဘာထုတ်လုပ်နိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန် သုံးသိန်းမှ လေးသိန်းခန့်ရှိသည်။

ရော်ဘာပြည်ပသို့တင်ပို့မှုနှင့် သွင်းကုန်အစားထိုးကုန်ပစ္စည်းများထုတ်လုပ်နိုင် မှု တိုးတက်စေခြင်းဖြင့် နိုင်ငံ့စီးပွားရေးအတွက် ခိုင်မာသောအခြေခံအုတ်မြစ်အဖြစ် အကျိုးသက်ရောက်မှုများ ရရှိလာနိုင်မည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးရှိသော ထုတ်ကုန်ကုန်ကြမ်းများအား တီထွင်ဆန်းသစ်သော နည်းလမ်းများဖြင့် အဆင့်မြှင့် တင်ပို့နိုင်ရေး နည်းပညာဆိုင်ရာ လိုအပ်ချက်များရှိပါက သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ နည်းပညာရှင်များနှင့် ချိတ်ဆက်ခြင်းဖြင့် အဆင့်မီပို့ကုန်များရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ကာ အစိုးရ၊ ပုဂ္ဂလိက အလွှာပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သွားကြရန် ယခုရက်သတ္တပတ်ပို့ကုန်တင်ပို့နိုင်မှုအခြေအနေကို ဖော်ပြတိုက်တွန်းထားသည်။

**သတင်းစဉ်**

(၆-၁-၂၀၂၄မှ ၁၂-၁-၂၀၂၄)ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး – အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၀၂၉ | ၇၅၄.၅၇၉ | ၂၈၄ | ၁၉၆.၅၂၇ | ၂၃၁၃ | ၉၅၁.၁၀၆ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၁.၇၁၈ | | ၈၃.၂၄၄ | | ၂၆၄.၉၆၂ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၇၀.၃၇၀ | | ၁၇.၂၄၇ | | ၈၇.၆၁၇ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၆၁ | | ၀.၂၈၁ | | ၀.၃၄၂ |
| (ဂ) | ရေထွက်ပစ္စည်း | | ၅.၅၆၃ | | ၇.၁၅၈ | | ၁၂.၇၂၁ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၅.၂၃၄ | | ၀.၃၄၃ | | ၅.၅၇၇ |
| (င) | သစ်တောထွက်ပစ္စည်း | | ၁.၂၉၉ | | ၀.၀၀၁ | | ၁.၃၀၀ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၉၅.၃၃၇ | | ၅၈.၀၆၁ | | ၁၅၃.၃၉၈ |
| (ဆ) | အခြားပစ္စည်းများ | | ၃.၈၅၄ | | ၀.၁၅၃ | | ၄.၀၀၇ |

**အဓိကပို့ကုန်အများဆုံး (၁၀)မျိုးစာရင်း**
**၁-၄-၂၀၂၃ မှ ၁၂-၁-၂၀၂၄ နေ့အထိ**

တန်ဖိုး – အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၃၀၂၉၈၁၈၁ | ၃၃၈၀.၇၀၀ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၆၈၈၁၅၀၈၉ | ၂၆၂၆.၈၃၈ |
| ၃ | မတ်ပဲ | တန် | ၆၀၄၁၁၁ | ၅၅၂.၉၀၈ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၁၀၆၆၈၉၂ | ၅၁၈.၆၈၅ |
| ၅ | ပြောင်း | တန် | ၉၆၀၄၆၄ | ၂၈၅.၃၄၄ |
| ၆ | ငါး | တန် | ၂၃၈၀၃၉ | ၂၇၄.၇၅၈ |
| ၇ | ပဲတီစိမ်း | တန် | ၃၁၆၀၅၀ | ၂၁၃.၆၆၃ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၂၆၆၈၀ | ၁၆၀.၀၁၀ |
| ၉ | ပဲစင်းငုံ | တန် | ၁၂၇၃၉၉ | ၁၁၆၀၂၀ |
| ၁၀ | တစ်သျှူးငှက်ပျောသီး | တန် | ၂၈၄၂၂၉ | ၉၈.၅၆၃ |

**ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း**
**၁-၄-၂၀၂၃ မှ ၁၂-၁-၂၀၂၄ နေ့အထိ**

တန်ဖိုး – အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံအမည် | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၇၆၂.၄၄၈ |
| ၂ | တရုတ် | ၂၃၅၀.၄၉၃ |
| ၃ | ဂျပန် | ၈၉၉.၈၉၇ |
| ၄ | အိန္ဒိယ | ၆၅၇.၂၁၁ |
| ၅ | အမေရိကန် | ၄၅၆.၅၅၇ |
| ၆ | ဂျာမနီ | ၄၂၂.၂၉၈ |
| ၇ | ပိုလန် | ၃၈၁.၄၄၈ |
| ၈ | စပိန် | ၃၃၉.၈၂၄ |
| ၉ | တောင်ကိုရီးယား | ၃၁၅.၄၃၂ |
| ၁၀ | အီတလီ | ၂၄၅.၅၈၈ |

## (၂၃) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

(၂၃)ကြိမ်မြောက် တောင်သူ နည်းပညာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေး မှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူး များ၊ တောင်သူများ၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများမှ တာဝန်ရှိ သူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး က တောင်သူနှင့် သုတေသီပညာ ရှင်များ ထိတွေ့မှုရှိစေရန်နှင့် ရှိနေဆဲကွက်လပ်များကို ဖြည့်စွမ်း ပေးနိုင်ရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေး ဆောင်ရွက်ရာတွင် တောင်သူ လယ်သမားများနှင့် လယ်ယာ ထွက်ကုန် ရောင်းဝယ်ဖောက်ကား သူများ ပူးပေါင်းပါဝင်မှုသည် ပဓာန ကျကြောင်း၊ အလားတူ စိုက်ပျိုး ရေး ဓာတုဆေးဝါးများ အလွန်အကျွံ မသုံးစွဲမိစေရန် သွင်းအားစုရောင်း ဝယ် ဖောက်ကားသူများကလည်း သတိရှိရှိ တာဝန်သိစိတ်ဖြင့် ရောင်းချဖြန့်ဖြူးရန်လိုကြောင်း၊ စိုက်ပျိုးနည်း အလေ့အကျင့်ကောင်း များဖော်ထုတ်ရန် သုတေသနပြု ခြင်းနှင့် နည်းပညာပြန့်ပွားရေးကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိတို့က “စပါး သီးနှံ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် တောင်သူ များ ပူးပေါင်းဆောင်ရွက်သော မျိုးစေ့ထုတ်လုပ်ခြင်း” ခေါင်းစဉ် ဖြင့် ဆွေးနွေးကြရာ တောင်သူများ က သိရှိလိုသည်များ မေးမြန်း ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းရှူးမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**မိုင်းရှူး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မော်မေ့ကျေးရွာအုပ်စု မော်မေ့ကျေးရွာ၊ နားဟိုင်းကျေးရွာ ၊ ဟတ်ချေကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်ထုတ်ချေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က မော်မေ့ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေတင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်း များက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာ တွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေး ပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင် များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄၁ သိန်း အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၁ သိန်းအား ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၅၁ ဦးအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ၂၂၂

ကျန်းမာရေးဝန်ကြီးဌာန

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၆ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

ပညာရေးဝန်ကြီးဌာန

(၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅-၂၇ ရက်

NAYPYITAW STATE ACADEMY

# ဒုတိယဝန်ကြီး ဦးအေးထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်း သာသနာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၂၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းတော်ကြီးဘုရားခန်းမ၌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ တာဝန်ကျ တတိယအဖွဲ့ခွဲဆရာ တော်ကြီးများကို ဖူးမြော်ကြည်ညိုပြီး အဋ္ဌကထာ စာအုပ်များကို ဆဋ္ဌမူအတိုင်း ပုံနှိပ်ထုတ်ဝေမည့် ကိစ္စရပ်များ၊ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋ္ဌသမ အစည်းအဝေး နှင့် အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့ ဆဋ္ဌအစည်းအဝေးများ ကျင်းပမည့်အခြေအနေ များနှင့်စပ်လျဉ်း၍ လျှောက်ထားကာ ဆရာတော်ကြီး များထံမှ ဩဝါဒခံယူသည်။



ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကမ္ဘာအေးကုန်းမြေ သုံးထပ် ဆွမ်းစားဆောင်၌ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီး များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် သဘောရေးဖြေ စာမေးပွဲစာဖြေ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းမှုကို ကြည်ညိုပြီး မွန်းလွဲပိုင်းတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာ တော်ကြီးများ၊ ကြီးကြပ်ရေးဆရာတော်များနှင့် သဘောရေးဖြေစာမေးပွဲ ဖြေဆိုတော်မူကြသည့် စာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညိုသည်။ ယနေ့တွင် အဘိဓမ္မာပထမပိုင်း(ဝိဘင်္ဂ) ဖြေဆိုသံဃာ ၁၁ ပါး၊ အဘိဓမ္မာဒုတိယပိုင်း(ယမိုက်) ဖြေဆို သံဃာ ငါးပါးနှင့်ဝိနည်းပထမပိုင်း(ပါစိတ်) ဖြေဆိုသံဃာ ၁၀၅ ပါး စုစုပေါင်းသံဃာ ၁၂၁ ပါးတို့ ဖြေဆိုလျက်ရှိပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး သဘော ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၂၄ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများ သည် ကမ္ဘာအေးကုန်းမြေ ရေဂါလန် ၅၀၀၀၀ ဆံ့ ရေတိုင်ကီနှင့် ရေစင်အသစ်တည်ဆောက်ခြင်း လုပ်ငန်းနှင့် မဟာနာယကကျောင်းတော်ကြီး၏ ဆွမ်းချက်ဆောင် သံကူကွန်ကရစ် တစ်ထပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)ပရိဝုဏ်အတွင်းရှိ ဆဋ္ဌသင်္ဂါယနာသာသနာ့ သမိုင်းဝင် မဟာသိမ်တော်ကြီး အကြီးစားပြုပြင်မွမ်းမံ ပြင်ဆင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ ကြောင်းသိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

မန္တလေး ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင် ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်းကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ချမ်းမြသာစည်မြို့နယ် ရပ်ကွက် ၁၄ ခုမှ ပြည်သူ ၄၆၄ ဦး၊ ပြည်ကြီးတံခွန်မြို့နယ် ရပ်ကွက် ၁၈ ခုမှ ပြည်သူ ၄၄၀ စုစုပေါင်း ၉၀၄ ဦး တက်ရောက်ပြီး လက်တွေ့ စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသ ကြရာ တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်း များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာလက်တွေ့ စမ်းသပ်မဲပေးခဲ့ကြကြောင်းနှင့်မြန်မာအီလက်ထရော နစ်မဲပေးစက်ဖြင့် လက်တွေ့ စမ်းသပ်မဲပေးလေ့လာ ခြင်း အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပင်လုံမြို့၌ ၂၀၂၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် အဆောက်အအုံမှတ်တမ်းတင်ခြင်းလုပ်ငန်းဆောင်ရွက်

ပင်လုံ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၌ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အတွက် အဆောက်အအုံ မှတ်တမ်းတင် ခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်လူဝင်မှုကြီးကြပ် ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာနက အမှတ်(၁)ရပ်ကွက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီး မှူး ဒေါ်ဥမ္မာအောင် ကြီးကြပ်၍ မြို့နယ်ဦးစီးမှူး ဦးမိုးမောင်မောင် ခင်နှင့် ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင် ရေးအတွက် အမှတ်(၁)ရပ်ကွက် မှစတင်၍ လူနေ/ လူမနေ အဆောက်အအုံများအားMobile Tablet အသုံးပြု၍ သတ်မှတ် Software အသုံးပြုကာ မှတ်တမ်း တင် ကောက်ယူဆောင်ရွက်လျက် ရှိသည်။

အဆိုပါ ဆောင်ရွက်ရာတွင် ပင်လုံမြို့ စီမံအုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးနှင့် ဝန်ထမ်းများ၊ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင် မှူးနှင့်ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ရပ်ကွက်စာရေး နှင့်ရာအိမ်မှူး/ဆယ်အိမ်မှူးများ က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ် အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အတွက် အဆောက်အအုံမှတ်တမ်းတင် ခြင်းလုပ်ငန်းကို ပင်လုံမြို့၌ ဇန်နဝါရီ ၂၁ ရက်မှ မတ် ၃၁ ရက် အထိ ကောက်ကွက်ပေါင်း ၃၂ ကွက်အား ကောက်ယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ**

# ရုရှားသမ္မတ ဗလာဒီမာပူတင် ယခုနှစ်အစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ဖွယ်ရှိ

ပြုံယမ်း ဇန်နဝါရီ ၂၁

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ယခုနှစ်အစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ဖွယ်ရှိကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။

ပူတင်သည် ၂၀၀၀ ပြည့်နှစ်တွင် ရုရှားသမ္မတအဖြစ် ပြုံယမ်းသို့ ပထမဆုံးလာရောက်လည်ပတ်ပြီးနောက် ၂၄ နှစ်အတွင်း မြောက်ကိုရီးယားသို့ ၎င်း၏ပထမဆုံးခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆန်ဟူ၏ ရုရှားနိုင်ငံသို့ ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာ တရားဝင်ခရီးစဉ်နှင့် ပတ်သက်၍ မြောက်ကိုရီးယားအာဏာရပါတီသတင်းစာ Rodong Sinmun က သတင်းဖော်ပြသည်။

သမ္မတ ပူတင်နှင့် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆန်ဟူတို့ တွေ့ဆုံရာတွင် သမ္မတပူတင်က ပြုံယမ်းကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ခြင်းအတွက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်ကို ကျေးဇူးတင်ကြောင်း ပြောကြားပြီး မြောက်ကိုရီးယားသို့ယခုနှစ်အစောပိုင်းတွင် လာရောက်လည်ပတ်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆန်ဟူသည် ကိုရီးယားကျွန်းဆွယ်အခြေအနေများနှင့် ပတ်သက်ပြီး ရုရှားအရာရှိများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံမှုများတွင် အမေရိကန်နှင့် မဟာမိတ်များကို တန်ပြန်ရန် ရုရှားနှင့် ဆက်ဆံရေး မြှင့်တင်ရန် ပြုံယမ်း၏ ရည်ရွယ်ချက်ကို မီးမောင်းထိုးပြခဲ့ကြောင်း သိရသည်။

ပူတင်၏ ပြုံယမ်းခရီးစဉ်နှင့်ပတ်သက်ပြီး သံတမန်လမ်းကြောင်းများမှတစ်ဆင့် နှစ်ဖက်ကြား ဆွေးနွေးလျက်ရှိကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စ်ဖော့က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၌ အစ္စရေးနှင့် အီရန်နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်

ဒမတ်စကတ် ဇန်နဝါရီ ၂၁

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်၌ အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရန်ထိပ်တန်းတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ပြီး အစ္စရေးနှင့် အီရန်နှစ်နိုင်ငံအကြား တင်းမာမှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဟားမတ်စ်အဖွဲ့ကို ကျောထောက်နောက်ခံပြုသည့် အီရန်က အစ္စရေးကို လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အဖွဲ့ဝင်ငါးဦး သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံ၏ အစ္စလာမ့်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း အီရန်အစိုးရပိုင်မီဒီယာက သတင်းဖော်ပြသည်။

သေဆုံးသူငါးဦးသည် စစ်အကြံပေးများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အစ္စရေးက တုံ့ပြန်ခြင်းမရှိ



သေးသော်လည်း အီရန်ကို တိုက်ရိုက်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက မှတ်ချက်ပြု ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်က ဂါဇာကမ်းမြောင်၌ လေကြောင်းတိုက်ခိုက်မှုနှင့် မြေပြင်စစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ တောင်ဘက်ပိုင်းရှိ ခန်ယွန်နစ်မြို့၌ ဟားမတ်စ်တိုက်ခိုက်ရေးသမားများကို သတ်ဖြတ်ခဲ့ပြီး မြောက်ပိုင်းရှိ ဂါဇာမြို့အနီးတွင် ဒုံးကျည်များနှင့် လောင်ချာများကို ရှာဖွေဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့ဝင်များသည် ခန်ယွန်နစ်မြို့နှင့် အခြားနေရာများတွင် ဓားစာခံများ၏ ဓာတ်ပုံများနှင့် သတင်းအချက်အလက်ရယူရန် လက်ကမ်းစာစောင်များကို ဝေဟင်မှ ကြဲချခဲ့သည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ၁၆၅ ဦး သေဆုံးခဲ့ပြီး လက်ရှိတိုက်ပွဲများ စတင်ဖြစ်ပွားချိန်မှစ၍ စုစုပေါင်းသေဆုံးသူ ၂၄၉၂၇ ဦးအထိ ရှိသွားကြောင်း ဂါဇာရှိ ကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်၌ အပြန်အလှန် ထိုးစစ်ဆင်မှုများကြောင့် တစ်နာရီလျှင် မိခင်နှစ်ဦး သေဆုံးနေရ

ဂျေရုဆလင် ဇန်နဝါရီ ၂၁

ဂါဇာကမ်းမြောင်၌ ဖြစ်ပွားလျက်ရှိသည့် အဓိကရုဏ်းများတွင် ကလေးငယ်များနှင့် အမျိုးသမီးများသည် အဓိကဘေးဒုက္ခခံစားရသူများဖြစ်ပြီး တစ်နာရီလျှင် မိခင်နှစ်ဦးသေဆုံးနေရကြောင်း ကုလသမဂ္ဂအဖွဲ့၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်က ဂါဇာကမ်းမြောင်ဒေသအပါအဝင် ခန်ယွန်နစ်မြို့၌ ဝေဟင်နှင့် မြေပြင် ထိုးစစ်ဆင်မှုများကို လုပ်ဆောင်လျက်ရှိသည်။

ဂါဇာကမ်းမြောင်ဒေသတွင် လွန်ခဲ့သည့် အောက်တိုဘာ ၇ ရက်မှစပြီး လက်ရှိအချိန်အထိ သေဆုံးသူများအနက် ၇၀ ရာခိုင်နှုန်းခန့်သည် ကလေးငယ်များနှင့် အမျိုးသမီးများ ဖြစ်ကြောင်း ဇန်နဝါရီ ၁၉ ရက်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအမျိုးသမီးအစီရင်ခံစာတွင် ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပါလက်စတိုင်းနိုင်ငံထူထောင်ရန် အမေရိကန်နိုင်ငံ၏ အစီအစဉ်ကို အပြင်းအထန် ငြင်းဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြခဲ့သည်။

အစ္စရေးအစိုးရက ၎င်း၏ စစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်ရန် ဆုံးဖြတ်ထားသော်လည်း ဂါဇာဒေသ၌ ဖမ်းဆီးခံထားရသော ဓားစာခံများ၏ ဆွေမျိုးများက ဇန်နဝါရီ ၁၉ ရက်တွင် အစ္စရေးနိုင်ငံတစ်ဝန်း၌ ဆန္ဒပြခဲ့ကြပြီး အစ္စရေး၏ စစ်ဘက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် အချို့ကလည်း စစ်ဆင်ရေး၏ ထိရောက်မှုအပေါ် မေးခွန်းထုတ်နေကြကြောင်း သိရသည်။ကိုးကား –အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်





# တရုတ်နိုင်ငံ၌ အသုံးပြုပြီး မော်တော်ကား ရောင်းအား ၂၀၂၃ ခုနှစ်တွင် ၁၄ ဒသမ ၈၈ ရာခိုင်နှုန်း မြင့်တက်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၁

တရုတ်နိုင်ငံ၌ အသုံးပြုပြီး မော်တော်ကား ရောင်းချမှုသည် ၂၀၂၃ ခုနှစ်တွင် ၁၄ ဒသမ ၈၈ ရာခိုင်နှုန်း တက်လာခဲ့ကြောင်း စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ၌ ယမန်နှစ်တွင် ကားအစီးရေ ၁၈ ဒသမ ၄၁ သန်းကျော် ရောင်းဝယ်ခဲ့ပြီး စုစုပေါင်း အရောင်းအဝယ်တန်ဖိုး ယွမ် ၁ ဒသမ ၁၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၈၁ ဘီလီယံခန့်) ရှိကြောင်း တရုတ်မော်တော်ယာဉ် ရောင်းဝယ်ရေးအသင်းမှ သိရသည်။

တရုတ်နိုင်ငံ၏ မော်တော်ယာဉ်ဈေးကွက်များကို အသက်ဝင်စေရန် ကားသစ်များ အသုံးပြုမှုကို ဆွဲဆောင်ခြင်းနှင့် ဝယ်လိုအားကို မြှင့်တင်ရန် ဖြည့်ဆည်းပေးရာတွင်လည်း ဈေးကွက်၏ အရေးကြီးသော အခန်းကဏ္ဍ ဖြစ်ကြောင်းလည်း တရုတ်မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်းက ပြောကြားသည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်

# ဇေယျာသီရိ၊ မိုးညှင်းနှင့် ကလောမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ရုံးပင်ဖောင်းကျေးရွာ ရတနာလမ်းနေ ဇော်ဇော်(ခ)ဇော်ကြီး၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ဖ၁၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် အောင်တင်ဝင်း(ခ)ကိုအောင် မောင်းနှင်ပြီး သိန်းကိုဌေး(ခ)သိန်းကို လိုက်ပါလာသည့် AD Van အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀၀ ကိုလည်းကောင်း၊ ထိုနေ့မွန်းလွဲ ၂ နာရီခွဲတွင် ကလောမြို့နယ် အောင်ပန်း– ပင်လောင်းသွားကားလမ်း၊ လွယ်အံကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီးတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ဘိန်းစိမ်း ၂၆ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



အောင်တင်ဝင်း(ခ)ကိုအောင်နှင့် သိန်းကိုဌေး(ခ)သိန်းကိုတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ရဲပြန်ကြား

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် သီရိရတနာကားဝင်းအတွင်းရှိ NNN ဖိုးလပြည့်ကားဂိတ်၊ မိဘဂုဏ်ကားဂိတ်နှင့် ရွှေပြည်တန်ကားဂိတ်တို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lipovitan–D ပုလင်း ၁၀၀၀၀၊ Leo ဘီယာဘူး ၂၂၈၀၊ Refined Sugar အိတ် ၂၀၀၊ Nabati ဝေဖာအထုပ် ၁၃၅၀၀၊ Red Bull အချိုရည် ၂၃၇၆ ဘူး၊ MAXIMUS ဘီယာဘူး ၄၈၀၊ Black Label ၈၄ ပုလင်း အပါအဝင် ကုန်ပစ္စည်းအမျိုး ၂၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လျှပ်စစ်လုပ်ငန်းသုံးပစ္စည်း Insulation Sleeving နှစ်ခုအပါအဝင် ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၃၂၇၀၅)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၃၂၇၀၅ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X–Ray စက်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပဲစိမ်း Peas Original Taste အထုပ် ၈၀၊ Lazy Boy မာလာဟော့ပေါ့ ၂၁၆ ထုပ်အပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၉၃၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၉၃၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်တိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇန်နဝါရီ ၂၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၈၂၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခေါင်းစွပ်ခတ်မီးအကြီး အခု ၄၆၀၀ အပါအဝင် ကုန်ပစ္စည်း၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၆၉၄၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၀၅၄၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၀၃၃၇၀၅) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၅၂၇၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၁

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၂၂ရက် မှ ၂၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၂၇၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁-၂၀၂၄ တနင်္ဂနွေ

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ သဘာဝအလှတရားတို့ထိတွေ့ခဲ့ရာ သည်တစ်ခဏ(တောကျယ်)
၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၁၀:၃၀ Economic Review
၁၁:၃၀ ကြွေလည်းဝေမြဲတမ်းတဆဲ 'ထိပ်တန်းတေးဖြူတေးဆိုတရင်းဝင် အနုပညာရှင်' (အပိုင်း–၂)(တွံတေးသိန်းတန်)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'သူတောင်းပြည့်ကြယ်တာရာဝတောလာ' (အပိုင်း–၂၈)
၁၃:၃၀ MRTV National News
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ဝန်းရန့်လွှင့်ပျံ့အမုန်း' (အပိုင်း–၁၀၄)
၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ
၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၂၀ This Week's Special Interset
၁၇:၃၅ မောက်ကွပ်တို့မြေမြို့လှိုင်ငွေ
၁၈:၃၅ သံစဉ်ဝေဖြာစတီရိယိုတေးကမ္ဘာ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း–၅၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဖြည့်စုံခြင်းအိပ်မက်' (အပိုင်း–၁၅)
၂၂:၀၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း–၁၄)

**mitv**

07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:10 Ecotourism: Tamu And Hand Washing Lake
07:25 Awesome Myanma Sculptures
07:40 Wushu Kids & Their Limit (Ep-4)
07:52 Dances of Myanmar: Rvwang Traditional Dance
08:01 News
08:26 Asia Updates; Soothing Robots (NHK World)
08:30 Myanmar's Traditions and Culture "Myanmar Pottery"
08:53 Temple Stalls
09:01 Myanmar Social & Charitable Association(Ep-1) Mingalar Byuhar
09:27 Mon Traditional Dishes
10:01 News
10:33 Listening Pleasure, Instrumental Music (Mandolin) Ghost of Banyan

**MRTV NRC**

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
စားမြိန်ဖွယ်ရာမျိုးမေ့လက်ရာ (အာပူရွက်ကြက်သောက်ဆန်းနှင့် သင်္ဘောပွင့် ခရမ်းတဆော့သီးချက်)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ရှမ်းဘာသာစကား ပြောကြရအောင်နော် (ဆွေမျိုးတော်စပ်ပုံ)
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း–၁၃)
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ရိုးရာစကောထမင်း
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ပျော်လင့်ခြင်းဖားစည်
**ပအိုဝ်း (၁၆:၀၀ မှ ၁၇:၀၀)**
ရှင်သီဝလိခြေတော်ရာသို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ဖျိုင်းဖြူရွာကရေလုပ်သားကြီးဘဝ
**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ
**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယဉ်မှုများ(အပိုင်း–၁)
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
မြင်းခွာရွက်၏ဆေးဖက်ဝင်အစွမ်းထက်မှုများ
**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
မွန်စာပေသင်ကြရအောင်(အပိုင်း–၄)

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၈:၄၅ Weekly Selected News
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည့်ပန်းတိုင်ဆီ(အပိုင်း–၂၄)
၁၈:၀၀ Economic Review (အပိုင်း–၂၇)

**MRTV FARMERS' / HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၅ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၀၇:၁၅ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် သမဝါယမဦးစီးဌာန
၀၇:၄၅ ဝင်ငွေတိုးတဲ့ပီလောပီန်
၁၈:၀၀ ရှယ်လီကောသာ(ဇာတ်လမ်း)
၁၈:၀၀ မီးအိမ်(ဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ ရှေးရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
၀၆:၄၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၄၀ Weekly Sports Info

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား TNLA အကြမ်းဖက်သောင်းကျန်းသူများက ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၁**

အကြမ်းဖက်သမားများအနေဖြင့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်နှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အများပြည်သူပိုင် အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများအပါအဝင် အခြားဘာသာဝင်များ၏ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားရှိခိုးကျောင်းများအား Drop Bomb များ ပစ်ချခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းနှင့် ဖျက်ဆီးခြင်းများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား လုပ်ဆောင်လျက်ရှိသည်ကို တွေ့မြင် သိရှိပြီးဖြစ်သည်။

ယခုအခါတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်ထားသည့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတော်အား TNLA အကြမ်းဖက် သောင်းကျန်းသူများက ဇန်နဝါရီလ ၁၀ ရက်မှစ၍ ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီးခဲ့ရာ ဇန်နဝါရီလ ၂၀ ရက်တွင် အပြီးသတ် ပြိုကျပျက်စီးသွားခဲ့ကြောင်းသိရှိရပြီး အဆိုပါစေတီတော်အတွင်း ဌာပနာထားသည့် ပစ္စည်းများကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။





အဆိုပါစေတီတော်သည် ရှေးယခင်က ပလောင်တောင်ပိုင် စော်ဘွားကြီး မဟာသရေစည်သူ စဝ်ခွန်ပန်းစိန်က တည်ထားကိုးကွယ်ခဲ့ပြီး ခေတ်အဆက်ဆက်၌လည်း နယ်မြေခံတပ်မတော်သားများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ရွှေထီးတော်တင်လှူပူဇော်ခြင်းများ ဆောင်ရွက်ခဲ့သည့် ဒေသခံဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတော်တစ်ဆူဖြစ်ကြောင်း သိရှိရသည်။

ယခင်ရက်ပိုင်းတွင်လည်း MNDAA အကြမ်းဖက် သောင်းကျန်းသူများက လောက်ကိုင်မြို့နယ် စီအောကျေးရွာ၏ မြောက်ဘက် ဆင်ဦးကင်းကုန်းပေါ်ရှိ စေတီတော်အား သံတူဖြင့် ထု၍ ဖြိုချဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များနှင့် အခြား ဗုဒ္ဓဆင်းတုတော်များအား ထုခွဲဖျက်ဆီးနေသည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်ခဲ့သည့်အတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာ ရှုတ်ချကွန့်ကွက်လျက်ရှိသည်။



ထပ်မံ၍ TNLA အကြမ်းဖက် သောင်းကျန်းသူများက ယခုကဲ့သို့ ဘုရားစေတီအား ဖျက်ဆီးခဲ့ခြင်းသည် ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ မိုက်ရိုင်းစော်ကားခြင်းဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများအနေဖြင့် လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ် စံဖူးကျေးရွာသို့ ရောက်ရှိလာသည့် PNLO ယူနီဖောင်း ဝတ်ဆင်ထားသူများ မောင်းနှင်လာသော မော်တော်ယာဉ်များပေါ်မှ တရားမဝင် လက်နက်/ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်တွင် တရားမဝင် လက်နက်/ခဲယမ်းများ သယ်ဆောင်ရန်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသော ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများဆောင်ရွက်နေစဉ် ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် စံဖူးကျေးရွာသို့ရောက်ရှိလာသည့် PNLO ယူနီဖောင်းဝတ်ဆင်ထားသူများလိုက်ပါ၍ Canter ယာဉ် နှစ်စီး၊ Honda Fit ယာဉ် တစ်စီး၊ ဖိုးဝိုးယာဉ် နှစ်စီး စုစုပေါင်း ယာဉ်ငါးစီးပါ ယာဉ်တန်းအား တွေ့ရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ PNLO ယူနီဖောင်း ဝတ်ဆင်ထားသူတစ်ဦးက သေနတ်စတင်ပစ်ဖောက်မှုဆောင်ရွက်လာသည့်အတွက် ပစ်ခတ်မှု အနည်းငယ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

PNLO အဖွဲ့သည် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့ဖြစ်သည့်အတွက် ငြိမ်းချမ်းရေးကိုရှေးရှု၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပြီး NCA ပါ သဘောတူညီချက်များအား လေးစားလိုက်နာစေရေး ဆွေးနွေးညှိနှိုင်းခဲ့သည့်အတွက် ပစ်ခတ်မှုရပ်တန့်သွားခဲ့သည်။ သို့သော် PNLO ယူနီဖောင်းဝတ်ဆင်ထားသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးညှိနှိုင်းစေ့စပ်မှု ဆောင်ရွက်နေစဉ်အတွင်း ယနေ့နံနက်ပိုင်းတွင် ၎င်းတို့ယာဉ်တန်းမှ ယာဉ်များအား မီးရှို့ပြီး ထွက်ပြေးသွားခဲ့သဖြင့် ယာဉ်များပေါ်ရှိ ခဲယမ်းဟုယူဆရသောပစ္စည်းများ ပေါက်ကွဲ၍ စံဖူးကျေးရွာရှိ ဒေသခံများ၏ နေအိမ်များသို့ မီးများကူးစက်ခဲ့ပြီး နေအိမ် ၂၇ လုံး မီးလောင်ပျက်စီးခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားသည့်နေရာသို့ ဟိုပုံးမြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့မှ မီးသတ်ယာဉ်ခြောက်စီးနှင့်အတူ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းမီးငြှိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မီးလောင်ပျက်စီးနေသည့် ယာဉ်များအား စစ်ဆေးခဲ့ရာ Canter ယာဉ် နှစ်စီးပေါ်မှ မီးလောင်ပျက်စီးလျက်ရှိသည့် လက်နက်ငယ်မျိုးစုံ ၅၀၄ လက်၊ RPG ၁၀ လက်၊ ၁၀၇ မမ ရှော့တိုက်ဒုံး ခြောက်လုံးနှင့် ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သည်။ မီးလောင်ပျက်စီးမှုကြောင့် နေအိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသော ဒေသခံပြည်သူများအတွက် ပြည်နယ်အစိုးရက ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**













## ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှု အသက် ၃ နှစ်အရွယ် ကလေးငယ် တစ်ဦး အပါအဝင် ပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ဆားလင်းကြီးမြို့နယ် ကျွဲခိုတောကျေးရွာအား ဇန်နဝါရီ ၂၀ ရက်က တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူအချို့သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများလည်း ရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဆားလင်းကြီးမြို့နယ် ကျေးရွာအချို့တွင် PDF အမည်ခံအကြမ်းသမားများမှ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်၍ ငွေနှင့် ပစ္စည်းများ လုယက်ယူဆောင်ခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိကြောင်း တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ဒေသခံများမှ သတင်းပေးပို့လာသည့်အတွက် မြို့၊ ရွာများ တည်ငြိမ်အေးချမ်းစေရေးအတွက် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ် အေးချမ်းရေးလုပ်ငန်းများကို လုံခြုံရေးအဖွဲ့များမှ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကာ ဇန်နဝါရီ ၂၀ ရက်တွင် ၎င်းကျေးရွာဝန်းကျင်၌ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ ဂန့်ဂေါမြို့နှင့် ဖြူးမြို့နယ်တို့တွင် လက်နက်ကြီးနှင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေခဲ့ကြောင်း တွေ့ရှိရပြီး လုပ်ကြံဖန်တီးရေးသားသည့် သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်၍ ပြည်သူများအပေါ် အကြောက်တရားနည်းဖြင့် အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံစေရန် သိမ်းသွင်းလုပ်ဆောင်လျက်ရှိကြောင်းနှင့် ဒေသခံပြည်သူများမှ အထင်အမြင် လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများကို အသုံးပြု၍ လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**







## ရောဝတီတိုင်းအတွင်းရှိ မြို့နယ်တချို့တွင် စစ်သင်တန်းတက်ခိုင်းနေသဖြင့် ရာအိမ်မှူးအချို့ နုတ်ထွက်စာတင်နေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန် ရေးသား ဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အချို့တွင် ရာအိမ်မှူးအချို့ စစ်သင်တန်း တက်ခိုင်းသဖြင့် နုတ်ထွက်စာတင်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ ရာအိမ်မှူးများအား စစ်သင်တန်း ပေးသည်ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် ရာအိမ်မှူးအချို့ နုတ်ထွက်စာ တင်ပြထားသည်ဆိုသည်မှာလည်း မှန်ကန်မှု မရှိကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မြို့ရွာများ တည်ငြိမ်အေးချမ်းလျက်ရှိမှုကို ပျက်ပြားစေရန်၊ ပြည်သူလူထု လူမှုစီးပွားဘဝ ပျက်စီးစေရန်နှင့် စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်း အမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၃၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ ကျော်ထက်(ခ) လင်းလင်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇန်နဝါရီ ၂၁

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ဘုရားစေတီ ၁၁ ဆူမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၇၂ ဦး၊ အုပ်ချုပ်သူ နှစ်ဦးနှင့် နတ်တလင်းခရိုင်အတွင်းရှိ ဘုရားစေတီ ရှစ်ဆူမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၃၇ ဦး၊ အုပ်ချုပ်သူ နှစ်ဦး စုစုပေါင်း ၁၁၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။**



ဦးစွာ ရှင်းလင်းဆောင်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင် ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။ ယင်းနောက်ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပက အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့်ဂန္ဓကုဋီ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုကဲ့သို့ ကြားသိခဲ့ရပါသည်-

**ဦးအေးသန်း**
**မဟာဗောဓိစေတီတော်**
**ဂေါပကအဖွဲ့အတွင်းရေးမှူး**

မာရဝိဇယစေတီတော်မြတ်ကြီးကို တီဗွီမှာ စတွေ့ကတည်းက လာရောက်ဖူးမြော်ချင်ပေမယ့်လို့ အကြောင်း အမျိုးမျိုးကြောင့် မလာဖြစ်ပါဘူး။ ဒါပေမဲ့ အခုလို နိုင်ငံတော် ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးနဲ့ ခရိုင်က တာဝန်ရှိသူတွေရဲ့ ကြီးကြပ်ဆောင်ရွက်ပေးမှုကြောင့် ခရိုင်နဲ့ မြို့နယ်မှာရှိတဲ့ ဂေါပကတွေ ဘုရားဖူးနိုင်အောင် စီစဉ်ပေးတဲ့အတွက် အခုလိုလာရောက်ဖူးမြော်နိုင်တာပဲ ဖြစ်ပါတယ်။ ယခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ အနီးကပ်ကြီးကြပ်ပေးတဲ့ ခရိုင်၊ မြို့နယ် တာဝန်ရှိသူတွေကိုလည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ မာရဝိဇယ ဘုရားကြီးဟာ မြန်မာလူမျိုးတွေရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တစ်နည်းအားဖြင့် ပြောရရင် ဒီကျောက်ဆစ် လက်ရာတွေ၊ ဒီလောက်ကြီးမားတဲ့ သယံဇာတပစ္စည်းတွေ၊ မြန်မာနိုင်ငံရဲ့ ပေါ်ကြွယ်ဝမှုတွေကို ဖော်ထုတ်ပြသသလို၊ မြန်မာနိုင်ငံရဲ့၊ မြန်မာလူမျိုးတွေရဲ့ ဘိုးဘွား အစဉ်အဆက်က လက်ဆင့်ကမ်းလာခဲ့တဲ့ ဒီဗိသုကာပညာတွေ၊ ကျောက်ဆစ်ပညာတွေကိုလည်း ဖော်ထုတ်ခွင့် ရတဲ့အတွက် ထေရဝါဒဗုဒ္ဓဘာသာမှာ သာသနာသုံးရပ်ရှိတဲ့အနက် ဆက်လက်တည်တံ့အောင် ဆောင်ရွက်တဲ့ နေရာမှာ သာသနာ့သမိုင်းအတွက်ရော၊ မြန်မာ့သမိုင်းအတွက်ရော၊ ကမ္ဘာ့သမိုင်းအတွက်ပါ အဓိကကျတဲ့ ပင်မနေရာကြီး ဖြစ်တယ်ဆိုတာကို ဖော်ကျူးပြသနိုင်တဲ့အတွက် မြန်မာလူမျိုး ဗုဒ္ဓဘာသာတစ်ဦးအနေနဲ့ အင်မတန်ကို ဂုဏ်ယူသလို အခုလိုတည်ဆောက်ပေးနိုင်ဖို့ စိတ်ကူးတွေနဲ့ ပံ့ဖော်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ဖော်မပြနိုင်အောင် ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်ပါတယ်။

**ဦးသိန်းအောင်**
**မြို့ဦး အောင်သိဒ္ဓိစေတီတော်**
**ဂေါပကဥက္ကဋ္ဌ**

အခုလို လာရောက်ဖူးမြော်ဖြစ်တာကတော့ တိုင်းဒေသကြီး အစီအစဉ်နဲ့ ကျွန်တော်တို့ ဂေါပကအဖွဲ့တွေကို ပို့ဆောင်ပေးတာဖြစ်ပါတယ်။ လွန်စွာဝမ်းသာ ကျေးဇူးတင်မိပါတယ်။ ဒီကိုရောက်တဲ့အခါမှာလည်း မာရဝိဇယဘုရားကြီးက တာဝန်ရှိသူတွေက ရှင်းလင်းပြသ ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကိုယ့်နိုင်ငံသာမက ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် အမြင့်ဆုံးဖြစ်တဲ့အတွက် မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ရော၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ရော ဂုဏ်ယူရပါတယ်။ ဘုရားကြီးရဲ့ ဦးဆောင်ဒါယကာကြီးကလည်း သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်တဲ့အတွက် အခုဘုရားကြီး တည်ပြီးချိန်မှစ၍ နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတတ်ပါစေလို့ ဆန္ဒပြုပါတယ်။

**ဦးသောင်းလွင်**
**မဟာစန္ဒာသီဟဘုရားကြီး**
**ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး**

ကျွန်တော်တို့ကို အခုလို လာရောက် ဖူးမြော်နိုင်အောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ စီစဉ်ပေးတဲ့ တိုင်းဒေသကြီး တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ဆောက်ခဲ့ကြတဲ့ ဦးဆောင်ဘုရားဒါယကာကြီးနဲ့ ပါဝင်ပတ်သက်သူများ အားလုံးကို ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တီဗွီမှာပဲ ဖူးမြော်နေရတာ အခုလို လက်တွေ့လာရောက် ဖူးမြော်ရချိန်မှာ တကယ့်ကို ကြည်ညိုစရာကောင်းတဲ့ အံ့ဖွယ်ဘုရားကြီးလည်း ဖြစ်ပါတယ်။ **သတင်းစဉ်**



ဦးအေးသန်း



ဦးသိန်းအောင်



ဦးသောင်းလွင်

## တောင်ကြီးခရိုင်အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းလီမိတက်၏ (၂၀၂၁-၂၀၂၂) ခြောက်လဘဏ္ဍာနှစ်နှင့် (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်များတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ပြည်နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ အသင်းမှ အမှုဆောင်အဖွဲ့များနှင့် အသင်းဝင်ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အသင်း၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်၍ အတည်ပြုချက်များကို ရယူဆောင်ရွက်ခြင်း၊ အသင်းတွင် လစ်လပ်နေသောအမှုဆောင်များအား ရွေးချယ်တင်မြှောက်ခြင်းနှင့် ကတိသစ္စာခံယူခြင်းတို့ကို ဆောင်ရွက်၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြင်းမူမြို့နယ်၌ ဆောင်းမြေပဲဈေး ကောင်းမွန်လျက်ရှိ

မြင်းမူ ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းစိုက်ပျိုးထားရှိသည့် ဆောင်းမြေပဲများ စတင်နုတ်ယူခြွေလှေ့ရောင်းချလျက်ရှိရာ ဈေးနှုန်းကောင်းမွန်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ဆောင်းမြေပဲစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုးဆန် သုံးတင်းအပါအဝင် ထွန်ယက်ခ၊ လုပ်အားခ၊ ဆေးဖျန်းကုန်ကျစရိတ်နှင့် နုတ်ဆွတ်ခ စုစုပေါင်း ငွေကျပ် ၁၂ သိန်းခန့်ရှိကြောင်း၊ ထွက်ရှိမှုအနေဖြင့် ပုံမှန်မရှိဘဲ ရာသီဥတုကောင်းမွန်ပါက ပိုမိုထွက်ရှိကြောင်း၊ မြေပဲအတောင့် တင်း ၅၀ ထွက်ရှိရာ ကြိတ်ခွဲပြီး မြေပဲဆန် ၁၈ တင်းကျော်ရရှိမည်ဟု မှန်းထားကြောင်း၊ လက်ရှိဈေးအနေဖြင့် တစ်ပြည် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ဈေးရရှိကြောင်း မြေပဲစိုက်တောင်သူ ဒေါ်စန်းထံမှ သိရသည်။

မြင်းမူမြို့နယ်အနေဖြင့် ယခုနှစ်တွင် ဆောင်းမြေပဲ ဧက ၃၀၁၀၀ လျာထားခဲ့ပြီး ဧက ၃၁၁၅၀ စိုက်ပျိုးခဲ့ရာ ဧက ၅၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ မျိုးအနေဖြင့် ဆင်းပဒေသာ(၇)နှင့်(၁၁)မျိုးကို စိုက်ပျိုးကြကြောင်းနှင့် ပျမ်းမျှ တစ်ဧက ၇၀ ဒသမ ၅၀ တင်းထွက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

**ပညာရေးဝန်ကြီးဌာန**
**အခြေခံပညာဦးစီးဌာန**
**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊**
**ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄)ခရိုင်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(၃၄) ကျောင်း ထပ်မံဖွင့်လှစ်သွားမည် ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ(Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology)နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင်တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင်(Credit)ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ(AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်းအောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ်သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ်(Diploma in Agriculture) (၃)နှစ်သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) သင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့ လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေးအတတ်ပညာ**

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ်သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ်သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ်သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဒုတိယနှစ်(ပထမနှစ်ဝက်)သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပါက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထပ်တိုးဖွင့်လှစ်မည့်**
**အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၃၄)ကျောင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | ပူတာအို | ပူတာအို | ပူတာအို | အထက-ဒုတ္တန် |
| ၂ | တနင်္သာရီ | ၂ | ကော့သောင်း | ကော့သောင်း | ကော့သောင်း | အထက(၂)၊ ကော့သောင်း |

စာမျက်နှာ ၁၉ သို့ ✧

✧ စာမျက်နှာ ၁၈ မှ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်း အမည် |
|---|---|---|---|---|---|---|
| ၃ | ပဲခူး(အရှေ့) | ၃ | ညောင်လေးပင် | ညောင်လေးပင် | ကျောက်တံခါး | အထက- ပဲနွယ်ကုန်း |
| ၄ | ပဲခူး(အနောက်) | ၄ | နတ်တလင်း | နတ်တလင်း | သဲကုန်း | အထက- သဲကုန်း |
| ၅ | မကွေး | ၅ | ချောက် | ချောက် | ချောက် | အထက- ဝွေးချို |
| ၆ | မန္တလေး | ၆ | မဟာ အောင်မြေ | ချမ်းမြသာစည် | ပြည်ကြီးတံခွန် | အထက(၂၇) |
| | | ၇ | အမရပူရ | အမရပူရ | အမရပူရ | အထက- ပလစ(၂) |
| | | ၈ | တံတားဦး | တံတားဦး | တံတားဦး | အထက- တံတားဦး |
| | | ၉ | မြင်းခြံ | မြင်းခြံ | မြင်းခြံ | အထက(၃) |
| | | ၁၀ | ပြင်ဦးလွင် | ပြင်ဦးလွင် | ပြင်ဦးလွင် | အထက(ခွဲ) အလက-၁ |
| ၇ | မွန် | ၁၁ | မော်လမြိုင် | မော်လမြိုင် | ချောင်းဆုံ | အထက- ရွာလွတ်၊ ချောင်းဆုံ |
| | | ၁၂ | ကျိုက်ထို | ကျိုက်ထို | ကျိုက်ထို | အထက(၂) |
| ၈ | ရခိုင် | ၁၃ | ကျောက်ဖြူ | ကျောက်ဖြူ | ကျောက်ဖြူ | အထက(၃) |
| | | ၁၄ | တောင်ကုတ် | တောင်ကုတ် | တောင်ကုတ် | အထက(၁)၊ တောင်ကုတ် |
| ၉ | ရန်ကုန် | ၁၅ | အင်းစိန် | အင်းစိန် | အင်းစိန် | အထက(၇) |
| | | ၁၆ | တိုက်ကြီး | တိုက်ကြီး | တိုက်ကြီး | အထက- တိုက်ကြီး |
| | | ၁၇ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ | အထက(၄) |
| | | ၁၈ | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | သဃ်္ဃန်းကျွန်း | အထက-သုဝဏ္ဏ |
| | | ၁၉ | ဗိုလ်တထောင် | ဗိုလ်တထောင် | သာကေတ | အထက(၂) |
| | | ၂၀ | သန်လျင် | သန်လျင် | သန်လျင် | အထက-ဖားကူး |
| | | ၂၁ | မရမ်းကုန်း | မရမ်းကုန်း | မြောက်ဥက္ကလာ | အထက(၆) |
| ၁၀ | ရှမ်း(တောင်) | ၂၂ | ကလော | ကလော | ကလော | အထက(၇)၊ အင်းခေါင်း |
| | | ၂၃ | လွိုင်လင် | လွိုင်လင် | လွိုင်လင် | အထက(၁) ပင်လုံ |
| | | ၂၄ | နမ့်စန် | နမ့်စန် | နမ့်စန်(တ) | အထက(ခွဲ) လေတပ် |
| | | ၂၅ | လင်းခေး | လင်းခေး | လင်းခေး | အထက(ဝမ်ဟတ်) |
| ၁၁ | ရှမ်း(ရှေ့) | ၂၆ | မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် | အထက(ခွဲ)၊ အလက(၂) |
| | | ၂၇ | မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ | အထက- နားကောင်းမူး |
| | | ၂၈ | မိုင်းယောင်း | မိုင်းယောင်း | မိုင်းယောင်း | အလက(တပ်တွင်း) |
| ၁၂ | ဧရာဝတီ | ၂၉ | ကျုံပျော် | ကျုံပျော် | ကျုံပျော် | အထက(၂) ကျုံပျော် |
| | | ၃၀ | ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ | အထက-နတ်မော် |
| | | ၃၁ | မြောင်းမြ | မြောင်းမြ | မြောင်းမြ | အထက-ဂုန်နီ |
| | | ၃၂ | လပွတ္တာ | လပွတ္တာ | လပွတ္တာ | အထက(၃)မိုင် |
| ၁၃ | နေပြည်တော် | ၃၃ | လယ်ဝေး | လယ်ဝေး | လယ်ဝေး | အထက-ပျံချီ |
| | | ၃၄ | ဥတ္တရ | ဥတ္တရသီရိ | တပ်ကုန်း | အထက-MRTV |



## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား အများပြည်သူ အလုပ်ပိတ်ရက်တွင် ဘုရားဖူးပြည်သူ ၃၀၀၀၀ ကျော် လာရောက်ဖူးမြော်

ကျိုက်ထို ဇန်နဝါရီ ၂၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သီတင်းကျွတ်လပြည့်နေ့မှစ၍ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၁ ရက် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သည့် (စနေ/တနင်္ဂနွေ) နေ့တွင် ပြည်တွင်း ပြည်ပမှ ဘုရားလာရောက်ဖူးမြော်ကြသူ သုံးသောင်းကျော်ရှိကြောင်း သိရသည်။

အဆိုပါ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုလို ဘုရားဖူးများလာရောက်သည့်အတွက် ကျိုက်ထီးရိုးရင်ပြင်တော် ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရအရောင်းဆိုင်များ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည့်အပြင် တည်းခိုဆောင်များ၌လည်း တည်းခိုနေထိုင်သူ များပြားလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## လေးရက်တိုင် ကျင်းပမည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့်ပွဲတော်တွင် လာရောက်သူပိုမိုများပြားစေရန် လူငယ်အကြိုက်အစီအစဉ်များ ထည့်သွင်းထား

ရန်ကုန် ဇန်နဝါရီ ၂၁

အရှေ့တောင်အာရှတွင် သက်တမ်းအရှည်ဆုံးဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်တွင် လာရောက်သူပိုမိုများပြားစေရန်အတွက် လူငယ်များ ကြိုက်နှစ်သစ်သည့် အစီအစဉ်များကို ပိုမိုထည့်သွင်းထားကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ သိရသည်။

ဇန်နဝါရီ ၂၅ ရက်တွင် ကျရောက်မည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့်အထိမ်းအမှတ်ပွဲတော်ကို အဆိုပါဥယျာဉ်အတွင်း ဇန်နဝါရီ ၂၅ရက်မှ၂၈ ရက်အထိ လေးရက်တိုင်တိုင် နံနက်ပိုင်း ၈ နာရီမှ ညနေ ၅ နာရီအထိ ပျော်ရွှင်စရာအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားရန် စီစဉ်ထားခြင်း ဖြစ်သည်။

ပွဲတော်တွင် တေးဂီတဝိုင်းနှင့် အကဖျော်ဖြေမှုများ၊ မျက်လှည့်အစီအစဉ်၊ တိရစ္ဆာန်လိမ္မာများ၏ အထူးအစီအစဉ်များ၊ ကလေးများအကြိုက် ဂိမ်းအစီအစဉ်များ၊ လက်ဆောင်များရယူနိုင်မည့် အမေးအဖြေကဏ္ဍများအပြင် ဈေးရောင်းပွဲတော်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် ကလေးဘဝ လွမ်းမောစရာ အမှတ်တရများ ပြန်လည်ခံစားရင်းဖြင့် မိသားစု၊ သူငယ်ချင်းအပေါင်းအသင်းများနှင့် ပျော်ရွှင်စရာအခိုက်အတန့်များ ဖန်တီးနိုင်ရေး လာရောက်လည်ပတ်ကြရန်လည်း ဖိတ်ခေါ်ထားသည်။ ယခုနှစ်ပွဲတော်တွင် ယခင်နှစ်ထက် လာရောက်သူပိုမို များပြားမည်ဟု မျှော်မှန်းထားကြောင်းလည်း သိရသည်။ **သတင်း – MT၊ ဓာတ်ပုံ– Yangon Zoo**



မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

Sample Questions

(ယခင်တစ်ပတ်မှ အဆက်)

Section (A) Listening

I.(A) Listen carefully to the teacher and write True or False. (5 marks)

(1) dream school (1) ______________
(2) healthy habits (2) ______________
(3) cough (3) ______________
(4) vegetables (4) ______________
(5) safety rules (5) ______________

(B) Listen carefully to the teacher and match the phrases from column A and column B to make sentences. (5 marks)

Column A

(1) We sing the National Anthem
(2) We plant flowers
(3) You mustn't sing
(4) You must return
(5) You should exercise

Column B

(a) the things you borrowed.
(b) in the library.
(c) every day to stay healthy.
(d) in the garden.
(e) in the classroom.

(C) Listen carefully to the teacher and number each sentence according to the order. (5 marks)

(1) They will get fruits soon.(____________)
(2) I will be very happy to see the fruits. (______)
(3) I watered them every day. (____________)
(4) I grew tomato seeds in the vase last week. (____________)
(5) They started to get leaves four days ago. (____________)

***************

Answers:

Section (A) Listening

I.(A) (1) dream school; (2) healthy habits; (3) cough; (4) vegetables; (5) safety rules;

(B) (1) We sing the National Anthem in the assembly hall. (2) We plant flowers in the garden. (3) You mustn't sing in the library. (4) You must return the things you borrowed. (5) You should exercise every day to stay healthy.

(C)

(1) They will get fruits soon. (_____(4)_______)
(2) I will be very happy to see the fruits. (_____(5)_______)
(3) I watered them every day. (____(2)______)
(4) I grew tomato seeds in the vase last week.(_____(1)_______)
(5) They started to get leaves four days ago. (_____(3)_______)

*******************

## Grade 6

### Unit 8
### Lesson 2 : Look at this leaflet!

(ယခင်တစ်ပတ်မှအဆက်)

(D) Fill in the blanks with appropriate prepositions.

1. We are going on vacation _____(in / on / at) March.
2. They have a plan to go _________(for/ into / to) the zoo this coming Sunday.
3. Uncle travelled _________(for / in / across) Japan via the bullet train.
4. Ma Ma Gyi is good _________(at / in / for) mathematics.
5. The nurse is good _______ (at/ to / for) my sister.
6. Moe Gyi swam ________ (into / across / by) the river.
7. Min Min climbed ______ (into / in / up) the hill.
8. Grandpa is walking ______ (in / across/ on) the garden.
9. She hits me _____ (on / in / into) my shoulder.
10. Let's meet ______ (in / at / on) 5:30 in front of the library.

(E) Answer the questions.

(1) Where is Myeik situated?
(2) Why does Myeik attract visitors?
(3) What is one of the main products of Myeik?
(4) Why is Myeik famous?
(5) Why is Myeik known as the Myeik Archipelago?
(6) What are the Moken people known as?
(7) Where do the Salone live?
(8) What do the Salone do for their living?
(9) What makes Myeik more interesting?
(10) What can visitors enjoy through the mangroves?
(11) What is the weather in Myeik?
(12) When is the best time to visit Myeik?
(13) How can we reach Myeik?
(14) What things should we take when we make a visit to Myeik?

*******************

Answers:

(D) 1. in 2. to 3. across 4. at 5. for 6. across 7. up 8. in 9. on 10. at

(E)

1. Myeik is situated in Tanintharyi Region. 2. Myeik attracts visitors because of its pearl farming industry. 3. One of the main products of Myeik is bird's nests. 4. Myeik is famous for its over 800 beautiful islands known as the Myeik Archipelago. 5. Myeik is known as the Myeik Archipelago because it has over 800 beautiful islands. 6. The Moken people are known as the Salone. 7. The Salone live in boats and move from island to island. 8. The Salone catch fish for their living. 9. The green environment and fresh air of the islands, as well as a variety of animals, such as monkeys make Myeik more interesting. 10. Visitors can enjoy hiking, fishing, snorkeling or rowing through the mangroves. 11. The weather in Myeik is hot the whole year round. 12. The best time to visit Myeik is December, January and February. 13. We can reach Myeik by plane, bus or ship. 14. We should take our boots and swimwear, as well as a good camera when we make a visit to Myeik.

*********************

## Grade 7

### Unit 8
### Lesson 3: What were you doing?

I. Give short answers to the questions.

e.g. Did you get up early this morning?
Yes, I did. / No, I didn't.

1. Did you close the door?
_________________________________.
2. Did your father wash his car?
_________________________________.
3. Did mother cook chicken curry today?
_________________________________.
4. Did teacher give you homework?
_________________________________.
5. Did father drink coffee before going to office?
_________________________________.

II. Change the sentences into negative.

e.g. Mother went to market today.
Mother did not go to market today.

1. Father drank tea at breakfast.
_________________________________.
2. Teacher gave homework to us today.
_________________________________.
3. Ko Ko bought a new watch for his sister.
_________________________________.
4. Ma Ma cooked the chicken curry today.
_________________________________.
5. Grandpa told a story to us tonight.
_________________________________.

III. Change the sentences into question.

e.g. Uncle went swimming today.
Did uncle go swimming today?

1. Maung Maung watched the football match on T.V.
_________________________________?
2. Zaw Zaw did homework last night.
_________________________________?
3. The boys saw a snake near here.
_________________________________?
4. Khin Khin read the newspaper today.
_________________________________?
5. Ko Ko took rubbish out today.
_________________________________?

**********************

Answers:

Lesson 3: What were you doing?

I. 1. Yes, I did. 2. No, he didn't. 3. Yes, she did. 4. Yes, she did. 5. No, he didn't.

II. 1. Father did not drink tea at breakfast. 2. Teacher did not give homework to us today. 3. Ko Ko did not buy a new watch for his sister. 4. Ma Ma did not cook the chicken curry today. 5. Grandpa did not tell a story to us tonight.

III. 1. Did Maung Maung watch the football match on T.V? 2. Did Zaw Zaw do homework last night? 3. Did the boys see a snake near here? 4. Did Khin Khin read the newspaper today? 5. Did Ko Ko take rubbish out today?

***************

## Grade 8

### Unit 8
### Lesson 3: Which is a better resort?

I. Complete the sentences with the comparative forms of the adjective in brackets.

1. Sharks are _________(dangerous) than lions.
2. Zaw Gyi is _________ (selfish) than his brother Ko Ko.
3. He is _________ (fat) than he used to be last year.
4. Our town is __________ (attractive) than his.
5. Your house is ________ (beautiful) than mine.
6. I think that English films are _______ (interesting) than American ones.
7. Soe Soe can run ________________ (fast) than Moe Moe.

II. Choose and underline the correct answer.

1. My sister is three years ____________ (old / older / more old) than me.
2. Cars are ______________ (expensive / more expensive / very expensive / expensive) than bicycles.
3. Rats are ______________ (bigger / big / more big/ very big) than mice.
4. Our school is much _______________ (bigger / big / more big/ very big) than theirs.
5. Old films are usually _________ (short / shorter / shortest / more short) than modern films.
6. Durians are ______________ (sweet / sweeter / sweetest / more sweet) than strawberries.

III. Choose the correct answer: (fewer or less)

1. Water has ____________ (fewer / less) calories than milk has.
2. The doctor advised the kid to eat ____________ (fewer / less) sweets and drink ____________ (fewer / less) soda to lose weight.
3. There are ____________ (fewer / less) cars on the roads in this small town.
4. He did ____________ (fewer / less) exercises than he should have than.
5. She has much ____________ (fewer / less) patience than her husband.
6. I have ____________ (fewer / less) money to spend on buying clothes than my sister has.

***************

Answers:

Lesson 3: Which is a better resort?

I. 1. more dangerous; 2. more selfish; 3. fatter; 4. more attractive; 5. more beautiful; 6. moreinteresting; 7. faster;

II. 1. older; 2. more expensive; 3. bigger; 4. bigger; 5. shorter; 6. sweeter;

III. 1. fewer; 2. fewer, less; 3. fewer; 4. fewer; 5. less; 6. less

*************

## Grade 9

**Unit 8**

**Lesson 4: Can you tell me how ...?**

Giving instructions

(A) Complete the dialogues with the given verbs.

| | | |
|---|---|---|
| have | show | opened |
| make | choose | create |

**Student:** Hey, can you ___(1)___ me how to set an alarm on my Android phone?

**Teacher:** Of course! Which Android phone do you have?

**Student:** I ___(2)___ a Samsung Galaxy.

**Teacher:** Great! Open your clock app. It looks like a clock icon, usually found in your apps or on your home screen.

**Student:** Found it! I've ___(3)___the clock app. What's next?

**Teacher:** Tap on the "Alarm" tab or icon, usually at the bottom of the screen, then tap the "+" sign or "Add" to ___(4)___ a new alarm.

**Student:** Okay, I'm in the alarm section now. What should I do?

**Teacher:** Set the time you want the alarm to go off by scrolling the hours and minutes. Don't forget to ___(5)___ AM or PM if it's not in 24-hour format. After that, tap "Save" or "Done."

**Student:** I've set the time. What's the last step?

**Teacher:** That's it! Your alarm is set. Just ___(6)___ sure it's turned on by checking the switch or toggle next to it.

**Student:** Thanks a lot, Teacher! Now I won't be late for my morning classes.

(B) Write instructions on **"How to set an alarm clock on your mobile phone".**

**"How to set an alarm clock on your mobile phone"**

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

____________

**(C) Write instructions on "How to send an email".**

**How to send an email**

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

________________________

***************

Ans:

Lesson 4: Can you tell me how ...?

Giving instructions

(A) 1. show 2. have 3. opened 4. create 5. choose 6. make

(B) How to set an alarm clock on your mobile phone

Setting an alarm on your mobile phone is easy! First, open the clock app, which usually looks like a clock. Then, tap on the "Alarm" option. Next, press "Add" button to create a new alarm. Now, choose the time you want the alarm to ring by scrolling the hours and minutes. After that, save it. Finally, make sure your alarm is turned on by checking the switch next to it. That's it! You've successfully set an alarm on your mobile phone.

(C) How to send an email

Sending an email is simple! First, open your email app or website. Then, click on the "Compose" or "New Email" button. In the "To" field, type the recipient's email address. Next, write your message in the big box below. When you're done, click the "Send" button. Your email will now be on its way to the recipient. That's how you send an email!

**************

## Grade 12

**Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT**

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)

V.(4) (A)

(1) light pollution

(2) diurnal

(3) leopards, cats, snakes, bats and owls

(4) insufficient light

(5) Sleep deprivation

(B)

(6) Diurnal, nocturnal and crepuscular mean active during daytime and active during nighttime.

(7) We can say that tigers, lions, and birds are diurnal because they hunt for food during the day.

(8) People who find that they work better during the night than during the day are nocturnal.

(9) Animals that are crepuscular can be found during the hours of dawn or dusk.

(10)Bright artificial night light disturbs the food - hunting pattern of nocturnal and crepuscular creatures.

VI. (A)

(1) no longer in existence a. extinct

(2) abnormal conditions of living things that cause ill health b. diseases

(3) places where agriculture and poultry take place c. farms

(4) a group of plants or animals having similar appearance d. species

(5) removed something from e. cleared

(B)

(6) Many thousands of years ago, people have cleared the forests by cutting down the trees (in order) to make rooms for their farms and cities.

(7) The trees inside the forests help to remove carbon dioxide from the air and put oxygen into the air.

(8) Too much carbon dioxide in the air can make the world's temperature increase fast and another reason to preserve forests is to maintain many different species of plants and animals.

(9) The forests are like the home of a huge variety of plants and animals and doctors can treat many diseases by chemicals that are obtained from forest plants.

(10)(Sample answer: The main idea of the passage is to preserve forests. I agree with this idea because forests can retain the ecosystem of our earth.

**************

(ယခင်တစ်ပတ်မှအဆက်)

**VII (A) Complete the dialogue with the expressions given in the box. There is an extra.**

| | | |
|---|---|---|
| See you later | need to start studying | I'll see you later then |
| Where are you off to | How's it going | are you free |

Ko Ko: Hi, Helen! _____1_____?

HELEN: Fine, thanks and you?

Ko Ko: Just fine. _____ 2 _____?

HELEN: To the library. I've got a history exam next week and _____ 3 _____.

Ko Ko : Oh, no. Well, _____ 4 _____ . Good luck!

HELEN: Thanks. _____ 5 _____.

**VII (B) Complete the exchange using the expressions given in the box. There is an extra.**

| | |
|---|---|
| I can help you with that | No. I need help with |
| grammara | presentation in English |
| Thanks! I'm so nervous | Yes, I'm so happy |
| correct my English | |

**Moe Moe:** Can you help me, Mya Mya? I have to give a presentation _____1 _____ tomorrow.

Mya Mya: Ok. Do you need help with the content?

Moe Moe: No. _____2 _____.

Mya Mya: _____3 _____

Moe Moe: Could you listen to my presentation and _____4 _____?

Mya Mya: Sure, Let's go into the conference.

Moe Moe: _____5 _____.

******************

**Supplementary Grammar Exercises**

**Linking words to show cause and effect**

**(A) Rewrite the following sentences using the linking words given in brackets.**

1. I wore a jacket. It was cold outside. (because)
2. She was happy. She received a gift. (because)
3. They arrived late. There was heavy traffic. (because of)
4. We couldn't go to the park. It was raining. (because)
5. He missed the bus. He overslept. (as a result of)
6. She couldn't find her keys. She misplaced them. (as a result of)
7. He failed the test. He didn't study. (because)
8. We couldn't go to the party. We were sick. (as a consequence)
9. They got wet. They played in the rain. (as a consequence)
10. The baby cried. She was hungry. (because)
11. They canceled the game. There was a bad weather. (because of)
12. She was late for work. The train delayed. (as a result)
13. The car broke down. They had to call for help. (consequently)
14. They missed the train. They ran late. (as a consequence)
15. He fell and hurt himself. The floor was slippery. (because of)

************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်စောက်မြို့နယ်နှင့် တောင်ကြီးမြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရပ်စောက် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်များနှင့် တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၂၀ ရက်နံနက် ၉ နာရီခွဲက ရပ်စောက်မြို့နယ် ဗထူး တပ်နယ်အတွင်း ပိန်းချောင်းဆည် အထွေထွေပြုပြင် ခြင်းလုပ်ငန်း(အပိုင်း-၂) ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရပ်စောက်မြို့နယ် ဆည်မြောင်း နှင့်ရေအသုံးချဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ဗထူးတပ်မြို့ ကန်တောင်မင် ဧရိယာ စနစ်တကျလယ်ယာမြေ ၁၀၅ ဧက ဖော်ထုတ် နေမှုနှင့် ဖြစ်ထွန်းအောင်မြင်နေသော နေကြာ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါ ပိန်းချောင်းဆည်ရေများကို ကန်တောင်မင် ဧရိယာ စနစ်တကျလယ်ယာမြေတွင် စိုက်ပျိုးရေ အတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရ သည်။



### သွားရောက်ကြည့်ရှု

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ရပ်စောက်မြို့နယ် ယမ်းတွင်း ငါးကြောင်အုပ်စု ပိန္နဲပင်(ရွာသစ်)ကျေးရွာတွင် ဦးဂျာကနပ် မွေးမြူထားသော ဥစားကြက်အကောင် ရေ ၁၂၀၀၀ ကြက်ခြံသို့သွားရောက်ကြည့်ရှုကြပြီး ရပ်စောက်မြို့နယ် ပိန္နဲစံပြကျေးရွာရှိ ကိုမြင့်ဦး စိုက်ပျိုးထားသော KK စိုက်ပျိုးရေးခြံစိုက်ဧက ၃၀ တွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော သရက်၊ ရော်ဘာ၊ ကော်ဖီ၊ မက္ကဒေးမီးယားစိုက်ခင်းများကို လှည့်လည်ကြည့်ရှု၍ သရက်စိုက်ပျိုးတောင်သူများ နှင့်တွေ့ဆုံသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့နယ် ကွန်လုံ ကျေးရွာအုပ်စု စိုက်ပျိုးရေးဦးစီးဌာနပိုင်(ကျောက်နီ စိုက်ကွင်း)အတွင်းမှ မွေးမြူရေးဇုန် လျာထားမြေကွက် ချမှုများအား တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသ ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြီး ရေဆိုး၊ ရေနုတ်မြောင်း၊ ရေလှောင်ကန်တည်ဆောက် မည့်ကိစ္စနှင့်ပတ်သက်၍ ဆည်မြောင်းနှင့်ရေအသုံး ချဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ရေအရင်းအမြစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများက ရှင်းလင်း၍ လျှပ်စစ်မီးသွယ်တန်းမည့်ကိစ္စရပ်များနှင့် ပတ်သက် ၍ သက်ဆိုင်ရာ ပြည်နယ်အဆင့်တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

### ဖြည့်စွက်မှာကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော် အေးက နွားမွေးမြူမည့်သူများနှင့် တွေ့ဆုံ၍ နွားမွေး ပြည်သူများ လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား ပြီးနွားမွေးမြူသူ ဦးလှိုင်မြင့် စိုက်ပျိုးထားသော နွားအစာပင်များနှင့် စက်ရေတွင်းတူးဖော်နေမှု၊ မွေးမြူရေးဇုန်လမ်းဖောက်လုပ်နေမှုအား ကြည့်ရှုကြ သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် တောင်ကြီးမြို့နယ် တောင်နီကျေးရွာ အုပ်စု မိုင်းသော်အရှေ့ကျေးရွာ၌ တောင်သူ ဦးဖိုးချို စိုက်ပျိုးထားသော နေကြာ ၁၅ ဧက အောင်မြင် ဖြစ်ထွန်းနေမှုနှင့် သံတဲကျေးရွာတွင် စိုက်ပျိုးထား သော နေကြာ၊ အာလူး၊ ကြက်သွန်ခင်းတို့ကို ကြည့်ရှု ခဲ့ကြသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ဆောင်းသီးနှံဆီထွက်စိုက်ပျိုးမှုဧက ၄၂၁၉၇၃ ဧက ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့သို့ ဒုတိယအကြိမ် ကွင်းဆင်းဆေးကုသ

နေပြည်တော် ဇန်နဝါရီ ၂၁

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) (ရန်ကုန်)၊ ကလေးဆေးရုံကြီး (ရန်ကုန်)တို့မှ ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ ပါဝင် သည့်အထူးကုဆေးကုသရေးအဖွဲ့ သည် ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ကျန်းမာရေးဝန်ကြီး ဌာန အစီအစဉ်ဖြင့် ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့သို့သွားရောက် ၍ ပြည်သူ့ဆေးရုံကြီး ပုသိမ်မြို့မှ အထူးကု ဆရာဝန်ကြီးများနှင့် အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ သည်။



### ကြည့်ရှုကုသပေး

အဆိုပါ ခရီးစဉ်အတွင်း နှလုံး ဆေးကုသမှုဆိုင်ရာ လူနာ ၁၇၃ ဦး၊ အစာအိမ်အူလမ်းကြောင်း ဆိုင်ရာလူနာ ၆၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ လူနာ ၁၅၁ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆိုင်ရာ လူနာ ၇၅ ဦး၊ အထွေထွေရောဂါ ဆေးပညာဆိုင်ရာလူနာ ၉၅ ဦး၊ ရင်ခေါင်းဆေးကုသမှုဆိုင်ရာ လူနာ ၇၉ ဦး၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ ဆိုင်ရာလူနာ ၁၂၈ ဦး၊ အသည်း ရောဂါဆိုင်ရာ လူနာ ၆၆ ဦး၊ ကလေးကင်ဆာနှင့်ကလေးရောဂါ လူနာ ၁၄ ဦး၊ ကလေးဦးနှောက် နှင့်အာရုံကြောဆိုင်ရာ လူနာ ၁၂ ဦး၊ မျက်စိရောဂါဆိုင်ရာလူနာ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဆိုင်ရာလူနာ ၃၀၊ အရိုး ရောဂါလူနာ ၁၁၆ ဦး၊ သားဖွား မီးယပ်ဆိုင်ရာလူနာ ၁၂ ဦး၊ အရေ ပြားရောဂါဆိုင်ရာ လူနာ ၁၃ ဦး၊ အထွေထွေခွဲစိတ်လူနာ ၁၉ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၁၁၉ ဦးကို ကြည့်ရှုကုသပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာ များတွင် ပုသိမ်မြို့သာမက ငပုတောမြို့၊ ကန်ကြီးထောင့်မြို့၊ မြောင်းမြမြို့၊ သာပေါင်းမြို့ အပါ အဝင် အခြားမြို့နယ်ပေါင်း ၂၃ မြို့ နယ်မှ မြို့ပေါ်နှင့် ကျေးလက်နေ ပြည်သူများပါဝင်ပြီး ရောဂါရှာဖွေ စမ်းသပ်မှုများအနေဖြင့် နှလုံး ပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၇၂ ဦး၊ အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်း (OGD Scope) ၁၁ ဦး၊ အူမကြီး မှန်ပြောင်းကြည့်ရှုခြင်း (Colono-scope) လေးဦး၊ ကွန်ပျူတာ ဓာတ်မှန် (CT Scan) ရိုက်ကူးခြင်း ၂၇ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၃၆ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၁၃၅ ဦး၊ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးခြင်း ၂၀၇ ဦး၊ Ultrasound ရိုက်ကူးခြင်း ၇၅ ဦးနှင့် နှလုံးစက်ဖြင့် စစ်ဆေးခြင်း (ECG) ၁၇၅ ဦးတို့ကို စမ်းသပ် စစ်ဆေးပေးနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Pfizer Vaccine) ၂၈ ဦးတို့ကို ထိုးနှံ ပေးနိုင်ခဲ့သည်။ ထို့ပြင် နှလုံး ရောဂါဆိုင်ရာလူနာ သုံးဦး၊ အစာ အိမ်အူလမ်းကြောင်း ဆိုင်ရာ လူနာတစ်ဦး၊ ဦးနှောက်နှင့်အာရုံ ကြောဆေးကုသမှုဆိုင်ရာလူနာ သုံးဦး၊ အထွေထွေရောဂါလူနာ တစ်ဦးတို့ကို လိုအပ်သောစစ်ဆေး ကုသမှုများ ဆက်လက်ဆောင်ရွက် နိုင်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သို့ လွှဲပြောင်းကုသမှုဆောင်ရွက် ပေးနိုင်ခဲ့သည်။

### ကြီးကြပ်ဆောင်ရွက်

အထူးကုဆေးကုသရေးအဖွဲ့ ခေါင်းဆောင် ပါမောက္ခဒေါက်တာ နွယ်နွယ်၊ ပါမောက္ခ/ဌာနမှူး (နှလုံးဆေးကု)သည် ပြည်သူ့ ဆေးရုံကြီး ပုသိမ်မြို့၌ ဖွင့်လှစ် ထားရှိသော နှလုံးကြပ်မတ်ကုသ ဌာန (Coronary Care Unit) နှင့် ကျောက်ကပ်သွေးသန့်စင်ဌာန တို့ကို သွားရောက်ကြည့်ရှု၍ ကုသ ရေး လုပ်ငန်းများအတွက် လိုအပ် သည်များ အကြံပြုကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သည် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်ဝန်ကြီးများနှင့် အတူ ယနေ့တွင် ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများကို တွေ့ဆုံ နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောကြားခြင်း၊ ဒေသထွက် လက်ဆောင်များ ပေးအပ်ခြင်း၊ လာရောက်ပြသကုသမှုခံယူကြ သောလူနာများကိုကြည့်ရှုအားပေး ပြီး နေ့လယ်စာစားသောက်ဖွယ် ရာများဝေပေးခြင်း၊ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာ ဝန်ကြီး ဦးအောင်ဝင်းသိန်းသည် ဇန်နဝါရီ ၂၀ ရက်တွင် ပါမောက္ခ/ အထူးကုဆရာ ဝန်ကြီးများနှင့် အတူ ညစာအတူသုံးဆောင်ခြင်း တို့ကို ဆောင်ရွက်ခဲ့သည်။

ရန်ကုန်/မန္တလေး/နေပြည်တော် မှ အထူးကုသမှုဆိုင်ရာ (Super Specialty) ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၏ အထူးကု ကွင်းဆင်းကုသရေးခရီးစဉ်များကို ၂၀၂၃ ခုနှစ်အတွင်း (၁၅)ကြိမ်၊ ၂၀၂၄ ခုနှစ် အတွင်း တောင်ကြီးမြို့၊ ပြည်မြို့၊ သံတွဲမြို့နှင့် ယခု ပုသိမ် မြို့တို့၌ ဆောင်ရွက်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို (၉၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၇) နှစ်မြောက်ပြည်ထောင်စုနေ့အကြို (၉၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အမှတ်(၉၃)ရပ်ကွက် ဗေဒါ လမ်းနှင့် စိမ်းလဲ့ကန်သာလမ်းရှိ အုပ်ချုပ်ရေးမှူးရုံးရှေ့ အားကစားကွင်း ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးသူက အဖွင့် အမှာစကားပြောကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးကိုက အုပ်ချုပ် ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် စုစုပေါင်းပြိုင်ပွဲဝင် အသင်း ၁၀ သင်း တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဖွင့်ပွဲပွဲစဉ်အနေဖြင့် ယခင် ကျားကျောင်းအသင်းနှင့် ကတို့ဆိပ်အသင်းတို့မှ စတင်ယှဉ်ပြိုင်ကစား ကြမည်ဖြစ်ပြီး အဆိုပါဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ ၂၁ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရ သည်။

**အေးမဥ္ဇူ**



# ဘိုင်ယန်မြူးနစ်က ထရစ်ပီယာကို ကမ်းလှမ်းလာမှု နယူးကာဆယ်ငြင်းဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ ပရီမီယာလိဂ်ကလပ် နယူးကာဆယ်အသင်းရဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ထရစ်ပီယာကို ခေါ်ယူရေး ကမ်းလှမ်းလာမှုကို နယူးကာဆယ်အသင်းက ငြင်းဆိုလိုက်တယ်လို့ သိရပါတယ်။

နောက်တန်းကစားသမား ထရစ်ပီယာဟာ အခုဘောလုံးရာသီမှာ နယူးကာဆယ်အသင်းအတွက် ဂိုးဖန်တီးမှု ခုနစ်ကြိမ်အထိ ပြုလုပ်ပေးထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အင်္ဂလန် နောက်တန်းကစားသမား ထရစ်ပီယာဟာ ၂၀၂၂ ခုနှစ်အတွင်းက နယူးကာဆယ်အသင်းကို ဆော်ဒီအာရေဗျပိုင်ရှင်က ဝယ်ယူခဲ့ပြီးနောက် ဦးစားပေးခေါ်ယူခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ထရစ်ပီယာရဲ့ စပါးအသင်း ကစားဖော်ဟောင်းတွေဖြစ်တဲ့ အဲရစ်ဒိုင်ယာနဲ့ ဟယ်ရီကိန်းတို့ဟာ ဘိုင်ယန်မြူးနစ်အသင်းမှာ ပါဝင်ကစားနေတာဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ထရစ်ပီယာကိုခေါ်ယူဖို့ စီစဉ်နေတာလည်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် အသင်းဟာ ထရစ်ပီယာကို အငှားစာချုပ်နဲ့ ကနဦးခေါ်ယူဖို့ စီစဉ်ထားပြီး ထရစ်ပီယာရဲ့ ခြေစွမ်းအပေါ်မူတည်ပြီး အမြဲတမ်းစာချုပ်ချုပ်ဆိုသွားဖို့ရှိနေတာ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ သောမက်တူချယ်လ်ကတော့ အသက် ၃၃ နှစ်အရွယ်ရှိ ထရစ်ပီယာကို ခေါ်ယူဖို့ကိစ္စနဲ့ စပ်လျဉ်းပြီး ယခုတစ်ပတ်အတွင်းမှာ ဆွေးနွေးသွားဖို့ ရှိနေတယ်လို့ သိရပါတယ်။





# ပရီမီယာလိဂ်နောက်ဆုံးငါးပွဲမှာ သုံးပွဲအထိ ရှုံးပွဲကြုံခဲ့ပေမယ့် အမှတ်ပေးဇယား တတိယနေရာရောက်လာတဲ့ အာဆင်နယ်

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၂၁)အဖြစ် ဇန်နဝါရီ ၂၀ ရက် ညပိုင်းက ခရစ္စတယ်ပဲလေ့စ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အိမ်ကွင်းအမ်းမရိတ်မှာ ယှဉ်ပြိုင်ကစားခဲ့ရတဲ့ အာဆင်နယ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံသုံးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့မှုကို ရပ်တန့်နိုင်ခဲ့ပြီဖြစ်သလို ပွဲစဉ်(၂၁)ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယား တတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၁ မိနစ်မှာ ဂါဘရီယယ်လ်၊ ၃၇ မိနစ်မှာ ဟန်ဒါဆန်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုး၊ ၅၉ မိနစ်မှာ ထရော့ဆက်၊ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပိုလေးမိနစ်နဲ့ ငါးမိနစ်တို့မှာ မာတီနယ်လီက နှစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပြိုင်ပွဲစုံ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့တဲ့အပြင် ပရီမီယာလိဂ်နောက်ဆုံးငါးပွဲမှာ သုံးပွဲအထိ ရှုံးပွဲကြုံခဲ့ရတဲ့ မှတ်တမ်းဆိုးကိုလည်း ချေဖျက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် ၂၁ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပြီး ခရစ္စတယ်ပဲလေ့စ်အသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ် ၁၀ ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိခဲ့မှုနဲ့အတူ အမှတ်ပေးဇယားအဆင့်(၁၅)နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ဥရောပရဲ့ ထိပ်တန်းကလပ်အသင်းတွေဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘိုင်ယန်မြူးနစ်အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ လေဗာကူဆင်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ဖလော်ရီယန်ဝုဒ်ဇ်အား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး လေဗာကူဆင်အသင်းကတော့ ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ကျော် သတ်မှတ်ထားတယ်လို့ သိရပါတယ်။
- နယူးကာဆယ်အသင်းနဲ့ လီဗာပူးအသင်းတို့ဟာ အတ္တလန္တာအသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ ဘရာဇီးကွင်းလယ်ကစားသမား အီဒါဆင်အားခေါ်ယူရန် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။
- အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းဟာ အာဆင်နယ်အသင်းက ခေါ်ယူဖို့စိတ်ဝင်စားလျက်ရှိတဲ့ လိုက်ပ်ဇစ်အသင်းမှ တိုက်စစ်မှူး ဘင်ဂျာမင်ဆက်ကိုအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ နယ်သာလန်နောက်တန်းကစားသမား ဒီလစ်အား ယခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ စပါးအသင်းမှ စပိန်နောက်တန်းကစားသမား ပက်ဒရိုပေါရိုနဲ့ အက်စ်တွန်နီဗီလာအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဒေါက်ဂလပ်လူးဝစ်တို့အား ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။



# ဆွမ်ဆီးစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ၂၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တဲ့ ဆောက်သမ်တန်

ဆွမ်ဆီးစီးတီးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ ဇန်နဝါရီ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံရှစ်ပွဲစဉ် ၂၈ မှာ ဆောက်သမ်တန်အသင်းက ဆွမ်ဆီးစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဆောက်သမ်တန်အသင်းဟာ ဆွမ်ဆီးစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့တဲ့အပြင် ချန်ပီယံရှစ် အမှတ်ပေးဇယားမှာလည်း အဆင့်(၂)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဆွမ်ဆီးစီးတီးအသင်းဟာ ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ချန်ပီယံရှစ်အမှတ်ပေးဇယားအဆင့် ၁၆ နေရာမှာ ရပ်တည်နေပြီး လက်ရှိအချိန်မှာ ချန်ပီယံရှစ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိနေတာကတော့ လက်စတာစီးတီးအသင်းပဲ ဖြစ်ပါတယ်။

## ဘရိုက်တန်အသင်းက ဗယ်လင်တင်ဘာကိုအား စာချုပ်ချုပ်ဆိုခေါ်ယူ

ဘရိုက်တန်အသင်းဟာ ဘိုကာဂျူနီယာအသင်းမှ အသက် ၁၉ နှစ်အရွယ်ရှိ အာဂျင်တီးနားလူငယ်ကစားသမား ဗယ်လင်တင်ဘာကိုအား စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။

အာဂျင်တီးနားကြယ်ပွင့် ဗယ်လင်တင်ဘာကိုဟာ ဘရိုက်တန်အသင်းဆီကို လေးနှစ်ခွဲသက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဘရိုက်တန်အသင်းမှာ ၂၀၂၈ ခုနှစ်အထိ ဆက်ရှိနေမှာလည်း ဖြစ်ပါတယ်။

ဗယ်လင်တင်ဘာကိုဟာ လက်ရှိအချိန်မှာ အာဂျင်တီးနားအသင်းနဲ့အတူ အိုလံပစ်ခြေစစ်ပွဲ ပါဝင်ယှဉ်ပြိုင်ကစားနေသူလည်း ဖြစ်ပါတယ်။






# MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၅) ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ်(၅)ကို ဇန်နဝါရီ ၂၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ်(၅)တွင် SGF အသင်းက Maryar အသင်းကို ငါးဂိုး-လေးဂိုး၊ Sun Far အသင်းက ရွှေပြည်သာအသင်းကို ငါးဂိုး-သုံးဂိုး၊ YRG အသင်းက M-Million အသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ Black Cross အသင်းက Golden Yoma အသင်းကို သုံးဂိုး-နှစ်ဂိုး၊ TG United အသင်းက Seven အသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ KKY အသင်းက Noka အသင်းကို ခုနစ်ဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်(၄)အပြီးတွင် ကိုးမှတ်ရရှိပြီး ဇယားထိပ်ပိုင်း၌ အပြိုင်ဖြစ်နေသည့်အသင်းများအနက် ရွှေပြည်သာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ပြီး TG United အသင်းနှင့် Black Cross အသင်းတို့သာ နိုင်ပွဲဆက်ခဲ့သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**



○ ၂၀၂၄ အာရှဖလားမှ

များနှင့် ခြေစမ်းပွဲကစားသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီ ၇ ရက်နှင့် ၉ ရက်တွင် အင်ဒိုနီးရှား ဖူဆယ်လိဂ်ချန်ပီယံ Bintang Timur Futsal Club အသင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် Regional East Java Team အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီလတွင်ယှဉ်ပြိုင်ရမည့် အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် လေ့ကျင့်ပြင်ဆင်ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် အဖွဲ့ခေါင်းဆောင် - ဒေါက်တာရဲမွန်ထွဋ်၊ အုပ်ချုပ်သူ-ဦးရဲဝင်းထွန်း၊ နည်းပြချုပ်-ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြ-ဦးဌေးမြင့်၊ ဦးမောင်မောင်လွင်၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ-တာဝမ်(ထိုင်း)၊ ကစားသမားများအဖြစ် ဂိုးသမား-ညီညီသန့်၊ မိုင်စိုးမြတ်ထွေး (MIU)၊ ဇွဲပြည့်စုံ (VUC)၊ ကျော်ရဲသွေး (Generations)၊ ကစားသမား-မျိုးမြင့်စိုး၊ ဝေဇင်ဦး၊ ငြိမ်းမင်းစိုး၊ ထွဋ်မွှေဝေထွန်း၊ ရဲရင့်ရွှေပေါ၊ ထွန်းမင်းလှိုင်၊ နိုင်လင်းထွန်းကျော်၊ ကောင်းဇော်ထက်၊ အောင်ဇင်ဦး (VUC)၊ လဖိုင်ဇော်လွန်း(Winner Soccer)၊ ရှိုင်းထက်အောင် (ဖူဆယ်ချစ်သူ)၊ မင်းချစ်သူ (M2K)၊ ကိုကိုလွင်၊ သက်ထွန်း၊ မျိုးသက်အောင်၊ နေထက်လင်း (MIU)၊ ဆက်ဝေယံ၊ ဇော်ဖြိုးဦး (Generations)၊ ခန့်တီမင်းထွေး၊ သော်ထက်အောင်(လင်းလက်) နှင့် နေမျိုးသက် (Futsal-19)တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး၊ဓာတ်ပုံ- MFF**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ သစ္စာလမ်း၊ တိုက်အမှတ်(၈)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ (၃)လွှာ၊ ဒုတိယထပ်၊ တိုက်ကိုမျက်နှာမူလျှင် ဘယ်ဘက်အခြမ်း၊ အကျယ်အဝန်း(၁၂ ၁/၂ x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်အိအိခိုင်[၁၂/ကမရ(နိုင်)၀၄၆၇၉၉]ကိုင်ဆောင်သူမှ တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ခင်သီတာမြင့် [၁၂/မဂတ(နိုင်)၀၀၉၆၈၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း(LL.B) (စဉ်-၈၇၉၂) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နှင်းဝေလွင်(LL.B) (စဉ်-၅၄၃၀၅) အထက်တန်းရှေ့နေ**

**အမှတ်(၂၇၅)၊ ပထမထပ်၊ ဗညားဒလလမ်းမ၊ အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ ၅၀၆၄၉၅၉**

## အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အထက ဘယ်လင်းကျောင်း Grade-10(A) မှ ဦးစိန်ဝင်းကြိုင် [၉/ဝတန(နိုင်)၁၁၆၆၇၃]၏သမီး မသံစဉ်လင်းမေ ၏ အမည်မှန် မှာ မသံဇဉ်လင်းမေ ဖြစ်ကြောင်း။

မသံဇဉ်လင်းမေ

## စာအုပ် စာပေ လူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ပြည်လမ်း၊ ပြည်ဥယျာဉ်အိမ်ရာ၊ တိုက်(၃၄၆/၃၅၄)၊ အခန်း(၇၀၁) Level-7 ၏ အမည်ပေါက် Dr.ခင်နီလာအေး [၉/မရမ(နိုင်)၀၆၁၆၇၇]ထံမှ စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးအောင်မင်း [၆/မအရ(နိုင်)၀၀၉၃၄၅]နှင့် ဒေါ်နီနီထွေး [၆/မအရ(နိုင်)၀၈၅၂၇၃]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**

**၀၆၇-၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဇဇ-၁၆၊ ဦးပိုင်အမှတ်(၇၈)၊ ၁၀၉x၄၈လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အိဖြူခိုင် [၉/ခမစ(နိုင်)၀၃၀၂၉၄]က အမှုတွဲအမှတ်-၆၆၉၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/A၊ မြေကွက်အမှတ်(၁၁/C)၊ ဧရိယာ ၀.၁၀၀ ဧက မြေကွက်တည်နေရာအမှတ်(၁၆)၊ ဦးအောင်ကျော်လမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်းမြို့နယ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလိုပိုင်ဆိုင်ထားသူ ဦးစောသြဂတ်စတင်း မှလူနေအဆောက်အဦ ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါကကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် အတူလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဦးစောသြဂတ်စတင်း**

**လွှဲအပ်ချက်အရ**
**ဦးသိန်းလှိုင်**
**(LL.B.C.B.L,ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၆၄/၃-၄-၂၀၁၂)**
**တိုက်-၂၂၊ အခန်း(၁၈)၊ ဒုတိယထပ်၊**
**ဘားလမ်းနှင့် ဘဏ်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အမက(၁၁)ဗဟန်းတွင် ပညာသင်ကြားခဲ့ဖူးသော ကျောင်းသား/ကျောင်းသူများအား ဖိတ်ကြားခြင်း

အမက(၁၁)ဗဟန်းတွင်ပညာသင်ကြားခဲ့ဖူးသောဆရာ၊ ဆရာမများနှင့် ကျောင်းသား/သူ များ တွေ့ဆုံပွဲနှင့် ဂါရဝပြုပွဲကို ပထမအကြိမ် ကျင်းပရန်စီစဉ်နေပါသည်။ ဤပွဲဖြစ်မြောက်ရေးအတွက် လူအားဖြင့်ဖြစ်စေ၊ အကြံဉာဏ်အားဖြင့်ဖြစ်စေ၊ ငွေအားဖြင့်ဖြစ်စေ ပါဝင်ကူညီလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် အသိပေးအပ်ပါသည်-

ကျင်းပမည့်နေရာ - အမက(၁၁)ဗဟန်းကျောင်းဝင်း (မဟာဓမ္မာရုံကျောင်း)

အချိန် - ၃-၃-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉:၀၀ မှ ၁၂:၀၀ အထိ

**ဒေါ်ခင်စိုးမြင့်-09-5119545**
**ဦးလှထွဋ်ဦး- 09-5104904**
**ဦးမျိုးညွန့်သိန်း-09-43666333**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၇၉)၊ တတိယထပ်၊ (၄)လွှာ၊ အခန်းအမှတ်-(D-4)၊ အကျယ်အဝန်း(၁၅ပေ x ၆၀ပေ)တိုက်ခန်းအား ဒေါ်ခိုင်မြတ်လှ [၁၂/တမန(နိုင်)၀၉၆၂၆၈]၏ အထွေထွေကိုယ်စားလှယ်လွှဲစာလက်ခံရရှိသူ ဦးတင်လှ[၁၂/တမန(နိုင်)၀၄၄၈၈၁] မှ ဒေါ်ခိုင်မြတ်လှ တရားဝင်ပိုင်ဆိုင်သည်ဟုဆိုကာ ရောင်းချရန်အဆိုပြု ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏မိတ်ဆွေဒေါ်တင်တင်မူ [၁၂/တမန(နိုင်)၁၃၂၈၉၀]မှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်တင်တင်မူ**
**[၁၂/တမန(နိုင်)၁၃၂၈၉၀]**
**ဖုန်း-၀၉-၉၇၂၁၁၁၅၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးအောင် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၄)**
**ဖုန်း-၀၉-၉၇၄၅၈၉၇၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဘောလကွတ်ကျေးရွာ၊ ကွင်းအမည်-တော်လတီကွင်း၊ ကွင်းအမှတ်(၆၉ခ)၊ ဦးပိုင်အမှတ်(၁၈ဃ)၊ ဧရိယာ(၆.၃၅)ဧကရှိ လယ်ယာမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလလယ်ယာမြေလုပ်ကိုင်ခွင့်ပြုချက်ရရှိထားသူ ဦးကျော်သိန်း (ITBN-၀၁၃၂၂၇) ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးဝင်းသန်း [၁၂/တကန(နိုင်)၁၄၈၉၈၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမော် [၈/ပခက (နိုင်)၁၇၁၀၅၁]က ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းပပဖြူ LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၆၂)**
**အမှတ်(၆၅၇)၊ အောင်သီရိ(၆)လမ်း၊ (၂၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၁၀၄၅၃၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရောဝဏ်လမ်း၊ ရောချမ်းသာအဆင့်မြင့်ကွန်ဒိုအိမ်ရာ၊ တိုက်(11A)၊ အခန်း(245) အထပ်(၁၄)၏ အမည်ပေါက် ဦးအောင်မြတ်ဦး [၁၂/လမတ(နိုင်)၀၁၅၇၅၉]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းဝင်း [၁၂/ဥကတ(နိုင်)၁၀၂၂၂၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်။**

**၀၆၇-၃၄၀၇၅၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်-သ-၄၊ ဦးပိုင်အမှတ်-၅၈(ခဲစင်း)၊ ၇၀.Aလမ်း၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးညီညီလွင်၏(GP ရရှိသူ ဦးအောင်သင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၆၃၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိမော်[၉/ခမစ(နိုင်)၀၀၁၈၂၂]၊ ဒေါ်အေးအေးမော်[၉/ခမစ(နိုင်)၀၁၃၈၃၀]၊ ဒေါ်မြပုန်းညက်[၉/ပကခ(နိုင်)၀၃၉၄၆၂]တို့က အမှုတွဲအမှတ်-၆၇၀၁/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၆၅)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်အနက်မှ (၃-လွှာ)၊ ဒုတိယထပ် (ခြေရင်းခန်း) တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၁၇-၈-၂၀၂၃)နေ့စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" အရ ဝယ်ယူခဲ့ပြီး တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးမျိုးသန့်စင် [၁၄/ဝခမ(နိုင်)၁၅၅၇၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူသင်းကြိုင် (LL.B, D.BL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၀၈)**
**ရုံး-အမှတ်(၄၃)၊ ပထမထပ်(ခေါင်းရင်းခန်း)၊ သီတာလမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၇၈၁၅၇၇၉၆၉၊ ၀၉-၄၀၀၂၂၄၉၉၃**

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀)ထက် မကျော်ရ။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူ ဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(မူရင်း)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီး သူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှု စနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံ တို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၈ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# ဘုရား၊ သိမ်၊ ကျောင်း အလှူရှင် ဒါယိကာမကြီး
# ဒေါ်ရှောက်စုကျန်
# အသက် (၉၆) နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၇၃)လမ်း၊ ၁၀၂ အေလမ်းနှင့် ၁၀၇လမ်းကြား၊ တ-၁၀၊ မြို့သစ်(၁)ရပ်ကွက်၊ မင်္ဂလာမန္တလေးအိမ်ရာ၊ အိမ်အမှတ်(၈+၉+၁၄+၁၅)နေ (ဦးရန်မင်းချီ)၏ ဇနီး၊ (ဦးမင်းစိန်)+ဒေါ်ခင်ဆွေတင့်၊ ဦးကျော်သန်း+ဒေါ်ရွှေ၊ ဦးကျော်ကျော်ဝင်း (ဥက္ကဋ္ဌ၊ New Starlight Group of Companies)+ဒေါ်မေရင်၊ ဦးခမ်းလှိုင်+ဒေါ်လန်စွမ်း၊ ဦးကျော်ဝင်း+(ဒေါ်ရန်ချိန်လန့်)၊ ဦးဝင်းမောင်+ဒေါ်ရန်ခွေကန့်တို့၏ ကျေးဇူးရှင်မိခင်ကြီး ၊ မြေး ၂၁ ယောက်၊ မြစ် ၁၇ ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ရှောက်စုကျန်သည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၁)ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀:၁၀ နာရီအချိန်တွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၂၆-၁-၂၀၂၄ (သောကြာနေ့)တွင် ပြင်ဦးလွင်မြို့၊ (၈)မိုင်ခွဲ၊ ထုံးကုန်းတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုများက ညှိုးငယ်သောစိတ်ဖြင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေများ အားလုံးကို လေးစားစွာ အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၆:၃၀ နာရီတွင် စတင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစုများ

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်နှင့်ဇနီးဒေါ်မေမြင့်မောင်**
**ဝန်ထမ်းမိသားစုများ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အနုပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဌေးမောင် B.Sc,M.Sc(Q)**
**ယခင်စိန်ပေါ်ကျောင်းဆရာ၊ တ/ဥက္ကလာ အထက(၁)အထပြ**
### အသက်(၈၀)နှစ်

မုံရွာမြို့၊ ဦးဖိုးမူ(ကြယ်သုံးလုံး ပဲခွဲစက်)-ဒေါ်ခင်ညွန့်တို့၏သားကြီး၊ ရန်ကုန်မြို့၊ (၈)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းလမ်း၊ လှရိပ်ငြိမ်ခြံ၊ ၁၄၈ (က)(၁)နေ ဒေါ်လှသန်း(အငြိမ်းစားကထိက၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်)၏ ခင်ပွန်း၊ ဦးသန်းစိန်(MOB ဘဏ်)-ဒေါ်နှင်းနှင်းဦး၊ ဒေါက်တာ သက်နိုင်ထွန်း-ဒေါက်တာသင်းသင်းဌေးတို့၏မွေးဖခင်၊ မြေးသုံးယောက်၏ ဘိုးဘိုးကြီး ဦးဌေးမောင်သည် ၂၀-၁-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။ မြင့်မြတ်သောဘုံဘဝသို့ရရှိရောက်ရှိပါစေ။

**ဦးတင်ဝင်း-ဒေါ်ထွေးထွေးမိသားစု**
**USA**

## ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဂျူဗလီလမ်း၊ အမှတ်(၁၀၃၇)၊ ဧရိယာ( ၅၀x ၅၀)ပေရှိ မြေနှင့်အဆောက်အအုံအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေနှင့်အိမ်ကို တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးစောစိုးနေထူး [၁၂/အစန(နိုင်)၀၀၀၈၅၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်- ၅၈၂၇)B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## ဒေါ်ဝင်းဝင်းတင်
**ရုံးအုပ်ကြီး(ငြိမ်း)**
**ဘူမိဗေဒနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၀၆/၁) ခွာညိုလမ်း၊ ၁၄/၃၊ တောင်ဥက္ကလာပနေ (ဦးဉာဏ်ထွန်း-ဒေါ်ကြည်ကြည်)တို့၏သမီးကြီး၊ ဦးဇော်လင်း၊ ဦးထွန်းမြင့်-ဒေါ်သန်းသန်းနွဲ့တို့၏ အစ်မကြီး၊ ဦးဥက္ကာကျော်-ဒေါ်စောသက်သက်နိုင်တို့၏ကြီးကြီး ဒေါ်ဝင်းဝင်းတင်သည် ၁၉-၁-၂၀၂၄ရက်(သောကြာနေ့)ည ၁၀:၃၇ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၂၄ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

တီချယ်ကြီး ဒေါက်တာဒေါ်နုမြဖံ၏မိခင်ကြီး ဒေါ်သာနု (စစ်တွေ) အသက်(၉၄)နှစ်သည် ၂၁-၁-၂၀၂၄(တနင်္ဂနွေနေ့) နံနက် ၇:၅၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
အဖွား ကောင်းရာသုဂတိရောက်ရှိပါစေ။

**အမျိုးသားပြတိုက်(ရန်ကုန်)**
**ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာမကြီး ဒေါက်တာဒေါ်နုမြဖံ၏ မိခင်ကြီးဒေါ်သာနု(စစ်တွေ) အသက်(၉၄)နှစ်သည် ၂၁-၁-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အဖွားကောင်းရာသုဂတိရောက်ရှိပါစေ။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)**
**ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ နန္ဒာစိုး
### အသက်(၄၅)နှစ်

ရန်ကုန်မြို့နေ ပါမောက္ခ ဒေါက်တာမျိုးသန်း (ပါမောက္ခ/ဌာနမှူး)၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်(၂)ရန်ကုန် ၏ ချစ်လှစွာသော ဇနီး ဒေါက်တာနန္ဒာစိုးသည် ၁၉-၁-၂၀၂၄ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းခွဲစိတ်ကုဌာန**
**ဝန်ထမ်းမိသားစု**
**ဆေးတက္ကသိုလ်(၁)ရန်ကုန်**

## စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ရတနာသိခ်ီလမ်း၊ အမှတ်(၂၉)ရှိ ၂ခန်းတွဲ (၆)ထပ်တိုက်၏ (၄) လွှာ [၁၂ ½ ပေ x ၅၀ပေ] ခန့်ရှိ ကိုယ်ပိုင်မီတာ(၁)၊ ကိုယ်ပိုင်မော်တာ(၁) ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဆုမြတ်နိုး [၁၂/ မဂဒ(နိုင်)၁၄၇၄၅၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan - ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-774597373, 09-767779901**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးအောင်ထွန်းဦး-ဒေါ်ဝါနု)တို့၏သမီး၊ (ဦးမောင်သာထွန်း- ဒေါ်စံဝင်း)တို့၏ သမီးချွေးမ၊ (ဦးသာဖံ၊ စစ်တွေ)၏ ဇနီး၊ (ဒေါ်နုနုဖံ-ဦးစံရွှေဒိုး)၊ (ဦးစံထွန်းသာ)၊ ဒေါ်နုမြဖံ၊ ဦးထွန်းကျော်၊ ဒေါ်နုနုသာတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ ဒေါ်ဥမ္မာဖံ၊ ဒေါ်သူဇာဖံ၊ ဦးကျော်ဝင်းဖံ၊ ဒေါ်ဖြူဖြူဖံ၊ ဒေါ်မူမူအောင်တို့၏ ချစ်လှစွာသော အဘောင်ရှင်၊ မောင်အောင်မြင့်မြတ်၊ မသင်းသင်ဇာအောင်၊ မောင်ကောင်းသန့်ဘုန်းကျော်တို့၏ အဖီးရှင်၊ ရန်ကုန်မြို့နေ ဒေါ်သာနု အသက်(၉၄)နှစ်သည် ၂၁-၁-၂၀၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၂၄(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းသန်းအေး
### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်ခြံ(၁) လမ်း၊ အမှတ်(၃၃)နေ (ဦးမောင်အေး-ဒေါ်နှင်းစိန်)တို့၏ သမီးငယ်၊ (ဦးဖိုးတန်-ဒေါ်ရွှေအိ)တို့၏ သမီးချွေးမ၊ (ဦးလှတင်)-ဒေါ်သိန်းရွှေ၊ (ဦးတင်ဝင်း)-ဒေါ်ခင်ရွှေ၊ (ဦးသောင်းရွှေ)-ဒေါ်ရင်ငွေ၊ (ဦးရဲထွန်း)-ဒေါ်လှလှ၊ (ဦးဟုတ်ရှိန်)-ဒေါ်ညွန့်ညွန့်အေးတို့၏ညီမ၊ ဦးမြင့်စိုး (တရားလွှတ်တော်ရှေ့နေကြီး)၏ဇနီး၊ (ကိုထွန်းမြင့်ကျော်)၊ ကိုလှအောင်ဖြိုး-မနေဇာစိုး၊ ကိုသူရိန်ကျော်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မောင်ဟိန်းထက်အောင်၏အဘွား ဒေါ်သန်းသန်းအေးသည် ၂၀-၁-၂၀၂၄ (စနေနေ့) ညနေ ၆ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၁-၂၀၂၄(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြား အပ်ပါသည်။ [၂၆-၁-၂၀၂၄(သောကြာနေ့) နံနက်တွင် အထက်ပါ လိပ်စာရှိနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော် နာယူမည် ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သာနု (စစ်တွေ)
### အသက်(၉၄)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၏မိခင် ဒေါ်သာနု(စစ်တွေ)သည် ၂၁-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ လူနေရပ်ကွက်အမှတ် (၁၄)၊ မြေကွက်အမှတ်-၁၄၅ (က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀) ပေရှိ ဦးမြင့်ဦး အမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (၁၀ x ၆၀)ပေ(လမ်းမှရပ်၍ မြေကွက်ဘက်သို့ မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁) ထပ်နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစံပြည့် [၁၂/ရပသ(နိုင်)၀၄၁၅၄၈]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးသီဟအောင် [၁၂/ရပသ(နိုင်)၀၇၅၇၉၂]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉၊ ၀၉-၇၈၂၀၀၆၂၅၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်-လလ-၂၈၊ ဦးပိုင်အမှတ်(၆၁)၊ ၅၈x၅၉လမ်း၊ ကနောင်မင်းသားကြီးxမဏ္ဍရာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒုဗိုလ်မှူးကြီးသန်းထွန်း၏(S.P ရရှိသူ ဒေါ်အုံးအုံးသန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၅၈/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နှင်းနှင်းတိုး [၅/မရန(နိုင်)၀၀၉၄၇၂]က အမှုတွဲအမှတ်- ၆၆၉၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး / အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ် (၄၁၄-က/၃)၊ ဦးပိုင်အမှတ်(၄-က)၊ ၆၀x၆၂လမ်း၊ ၃၀x၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဖြူနှင်းအေး[၉/မရမ(နိုင်)၀၅၄၇၀၀]က အမှုတွဲအမှတ်- ၆၆၉၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုက ရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီ စီမံဖော်ဆောင်ခြင်း ဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ထူထောင်ဖို့၊ ဒီမိုကရေစီစနစ် မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေးပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စိတ်ဓာတ်စည်းကမ်းကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော၊ ကျင့်ဝတ်လေးစားလိုက်နာသော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်စေရန်နှင့် နိုင်ငံ့အကျိုးသယ်ပိုးမည့် အနာဂတ်၏သားကောင်းရတနာများဖြစ်စေရန် ကြိုးစားကျင့်ကြံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃-၂၀၂၄)ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၂၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ (၂၀၂၃-၂၀၂၄) ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက်အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ❂

## ယနေ့ ဖတ်စရာ

**ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့အဝင်ရှိ စေတီတစ်ဆူအား TNLA အကြမ်းဖက် သောင်းကျန်းသူများက ဘက်ဟိုးဖြင့် ဖြိုချဖျက်ဆီး**
စာမျက်နှာ » ၁၅

**လေးရက်တိုင်ကျင်းပမည့် တီရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၁၈)နှစ်ပြည့်ပွဲတော်တွင် လာရောက်သူပိုမိုများပြားစေရန် လူငယ်အကြိုက်အစီအစဉ်များ ထည့်သွင်းထား**
စာမျက်နှာ » ၁၉

**ဆွမ်ဆီးစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ၂၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့တဲ့ ဆောက်သမ်တန်**
စာမျက်နှာ » ၂၃

## ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း စတင်လေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲအတွက် ဇန်နဝါရီ ၂၁ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်ချုပ်နည်းပြ ကိုးဦး၊ ပဏာမကစားသမား ၂၄ ဦးတို့ဖြင့် လေ့ကျင့်လျက်ရှိပြီး ပထမအကြိမ်အဖြစ် ဖေဖော်ဝါရီ ၁၀ ရက်အထိ လေ့ကျင့်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဖေဖော်ဝါရီ ၄ ရက်အထိ ရန်ကုန်မြို့၌ လေ့ကျင့်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက်မှ ၁၀ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ အင်ဒိုနီးရှားကလပ်အသင်း

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❍



မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကစားသမားများ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ကြစဉ်။